ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 22 December 2017 ၉၁၄၆

# (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄၇) အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဒုတိယသမ္မတ အပါအဝင် ခြောက်ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်ခြောက်ရပ်ချမှတ်ပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီဥက္ကဋ္ဌနှင့် အဖွဲ့၊ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ**

စာမျက်နှာ » ၃

**ဘွဲ့ရအမျိုးသမီး ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၉

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး စုစုပေါင်းတန်ဖိုးငွေ ယူရိုသန်း ၄၃၉ ဒသမ ၃၅ သန်းခန့် ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ ၁၀ ရက်ကြာ ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျောက်မျက်၊ ကျောက်စိမ်း စုစုပေါင်းတန်ဖိုးငွေ ယူရိုသန်း ၄၃၉ ဒသမ ၃၅ သန်းခန့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒသမနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❖





### ☆ (၁၈)ကြိမ်မြောက်မှ

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ တစ်ခုနှင့် ဆပ်ကော်မတီ ကိုးခုကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအား ၂၀၀၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်မြို့တွင် (၆)ကြိမ်နှင့် နေပြည်တော်၌ (၁၁)ကြိမ် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ်တွင် (၁၈)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုလို နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းသာမက ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု(၁၈)ကြိမ်မြောက် ညီလာခံမှာလည်း အစဉ်အလာမပျက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ရည်ရွယ်ချက်လေးခု ချမှတ်ကာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်း မြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေးတို့ ဖြစ်ပါကြောင်း။

ယခုနှစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ယခင်နှစ်များကကဲ့သို့ပင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ညီလာခံသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဆရာအသင်းဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ အသင်းဝင်များ၊ ပြည်တွင်းက အစိုးရမဟုတ်သော အသင်းအဖွဲ့အစည်းကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ပါကြောင်း။

မိမိတို့ ဦးစီးကော်မတီအနေဖြင့် ညီလာခံကြီးအောင်မြင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက စနစ်တကျ ပူးပေါင်းကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နှစ်စဉ်ကျင်းပခဲ့သည့်အတွက် အတွေ့အကြုံရှိပြီးဖြစ်သော်လည်း ချမှတ်ထားသည့် ရည်ရွယ်ချက်များအောင်မြင်ရေး၊ အဘက်ဘက်မှ လစ်ဟာမှု မရှိအောင် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲမှ ရလဒ်ကောင်းများရရှိရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ရီရီမြင့်တို့က ကော်မတီများ ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ ကိုးခုမှ ကော်မတီဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၃/၂၀၁၇**
၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ယဉ်ယဉ်ဟန် ကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်မောင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးစောဝင်းမောင် ကို ၎င်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီဥက္ကဋ္ဌနှင့်အဖွဲ့၊ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ(CASS) ဥက္ကဋ္ဌ H.E. Mr. Wang Weiguang နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်၏ အောင်မြင်မှုများ၊ တရုတ်-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ သမိုင်းတစ်လျှောက် နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး အပြန်အလှန်အားပေးကူညီထောက်ခံမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNICEF အနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အာဟာရ၊ ရေနှင့်သန့်ရှင်းရေး၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ဒေသနှင့်ပတ်သက်၍ အစိုးရ၏ ဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာ၏ အမြင်များ၊ မကြာမီက ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး၏ အခြေအနေ၊ အဆိုပါ ဖမ်းဆီးထားမှုအပေါ် ပြန်ကြားရေးဝန်ကြီး၏အမြင်နှင့် စာနယ်ဇင်း လွတ်လပ်ခွင့်အပေါ် သဘောထားစသည်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



### ❖ ရှေ့ဖုံးမှ

ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲအား ရတနာကုန်သည်များထံ ထပ်မံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ကျောက်စိမ်းအတွဲ ၉၃၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၇၆ ဒသမ ၀၉၂ သန်းဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ပြပွဲဒသမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်းဦးရေ ၄၄၃၂ ကျော်တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်းတန်ဖိုးမြင့် အချောထည်များနှင့် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက် ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံ၌ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ အရောင်းစာရင်း အချက်အလက်များကို ထုတ်ပြန်ကြေညာသည်။

ရှင်းလင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ တက်ရောက်လာကြသည့် မီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယခု ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း ၃၂ တွဲကို တန်ဖိုးငွေ ယူရိုသန်း သုည ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၅၄ တွဲကို တန်ဖိုးငွေ ယူရိုသန်း ၄၃၈ ဒသမ ၅၈၃ သန်းဖြင့် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကုလသမဂ္ဂ၏ ဒုက္ခသည်လက်ခံရေးခွဲတမ်း ဒိန်းမတ်နိုင်ငံ လိုက်နာတော့မည်မဟုတ်

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၂၁**

ဒိန်းမတ်နိုင်ငံသည် အသစ်အတည်ပြု ပြဋ္ဌာန်းလိုက်သော ဥပဒေအရ ကုလသမဂ္ဂ၏ ပြန်လည်နေရာချထားရေး အစီအစဉ်နှင့်အညီ ဒုက္ခသည်များအား ကမ္ဘာ့နိုင်ငံများက ခွဲတမ်းသတ်မှတ်ချက်အရ လက်ခံနေရမှုကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် အတည်ပြုလိုက်သော ဥပဒေသစ်အရ ဒိန်းမတ်အစိုးရအဖွဲ့အနေဖြင့် နှစ်စဉ် ဒုက္ခသည်ဦးရေ မည်မျှအထိလက်ခံမည်ကို ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။

စစ်ပွဲဇုန်များနှင့် နီးကပ်စွာ တည်ရှိနေသော နိုင်ငံများ၏ ဒုက္ခသည်များကို ကမ္ဘာ့နိုင်ငံများက မျှဝေရယူကြရန် ကုလသမဂ္ဂ ပြန်လည်နေရာချထားရေး အစီအစဉ်တွင် ဖော်ပြထားသည်။ အဆိုပါ အစီအစဉ်အရ မိမိ၏ နိုင်ငံသည် တစ်နှစ်လျှင် ဒုက္ခသည် ၅၀၀ အထိ လက်ခံပါမည်ဟု ၁၉၈၉ ခုနှစ်မှစ၍ ဒိန်းမတ်အစိုးရအဖွဲ့က သဘောတူညီခဲ့သည်။

သို့ရာတွင် ၂၀၁၅ ခုနှစ်၌ ဥရောပတိုက်သို့ ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းဖြင့် ဝင်ရောက်လာရာမှ အကျပ်အတည်း ဆိုက်ရောက်လာသည့်အခါ ဒိန်းမတ်နိုင်ငံ၌ ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူပေါင်း ၂၀၀၀၀ နီးပါးအထိ ရှိလာရာ ယင်းနိုင်ငံ၏ အစိုးရအဖွဲ့က ကုလသမဂ္ဂ၏ ဒုက္ခသည်များလက်ခံရေး ခွဲတမ်းသတ်မှတ်ချက်ကို လိုက်နာရန် ငြင်းဆန်ခဲ့သည်။

ကုလသမဂ္ဂ အစီအစဉ်အရ ဒုက္ခသည်ဦးရေ မည်မျှအထိကို လက်ခံမည်ဟု ဒိန်းမတ် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးက စိတ်တိုင်းကျ ဆုံးဖြတ်နိုင်ခွင့်ရှိရန် ဥပဒေသစ်တွင် ဖော်ပြထားသည်။ မျက်မှောက်ကာလတွင် ခြွင်းချက်ပြုသော အခြေအနေတစ်ရပ်မှတစ်ပါး ဒုက္ခသည်ဦးရေကို အများဆုံး ၅၀၀ အထိ လက်ခံရန် ကုလသမဂ္ဂ၏ အစီအစဉ်တွင် ဖော်ပြထားသည်ဆို၏။

ဒိန်းမတ်နိုင်ငံ၌ နေထိုင်ခွင့်ရရှိရန် လွန်ခဲ့သည့်နှစ်က ခိုလှုံခွင့် တောင်းခံသူဦးရေ ၆၀၀၀ ကျော်အထိရှိခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဖြစ်သော ကာလတွင် ခိုလှုံခွင့်တောင်းခံသူ ၃၀၀၀ ကျော်မျှသာ ရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ရိုက်တာ**






# ဖိလစ်ပိုင်တွင် ခရီးသည် ၂၅၀ ကျော် လိုက်ပါလာသည့် ကူးတို့ရေယာဉ်နစ်မြုပ်

**မနီလာ ဒီဇင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံ ကွီဇုန်ပြည်နယ်တွင် ဒီဇင်ဘာ ၂၁ ရက်က ခရီးသည် ၂၅၁ ဦး လိုက်ပါလာသည့် ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့(ပီစီဂျီ)က ပြောကြားသည်။

ယင်းရေယာဉ်နှင့် လိုက်ပါသွားသည့် ခရီးသည်များအနက် ရေနစ်သည့်ဦးရေပမာဏကို ၎င်းတို့အနေဖြင့် လတ်တလော အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ပီစီဂျီ ပြောရေးဆိုခွင့်ရှိသူ အာမန်ဘာလီလိုက သတင်းထောက်များအား ပြောကြားသည်။

ကူးတို့သင်္ဘောနစ်မြုပ်ခြင်းအတွက် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ကယ်ဆယ်ရေးရေယာဉ် သုံးစင်းသည် အခင်းဖြစ်ပွားရာနေရာသို့ ဦးတည်သွားရောက်လျက်ရှိကြောင်း၊ ကူးတို့ရေယာဉ်သည် ကမ်းခြေမှ ကိုးမိုင်အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ကွီဇုန်ပြည်နယ် ရီးယယ်မြို့ ဆိပ်ကမ်းမှ ဖိလစ်ပိုင်ကျွန်းစု အရှေ့မြောက်ပိုင်းရှိ ပိုလီလီယိုမြို့သို့ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း၊ ဖိလစ်ပိုင်ကျွန်းစုသည် လူဇုန်ကျွန်းကို ပိုလီလီယို ရေလက်ကြားနှင့် ကတ္တားခြားပေးသောနေရာတွင် တည်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း၊ ရေယာဉ်နစ်မြုပ်ရခြင်း၏ အကြောင်းရင်းမှာ ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံတွင် အထပ်မြင့်အဆောက်အအုံတစ်လုံးမီးလောင် အနည်းဆုံး လူ ၁၆ ဦးခန့် သေဆုံး

**ဆိုးလ် ဒီဇင်ဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံအလယ်ပိုင်းရှိ ဂျန်ချွဲမြို့တွင် အထပ်မြင့်အဆောက်အအုံတစ်လုံး မီးလောင်သဖြင့် အနည်းဆုံး လူ ၁၆ ဦးခန့်သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါ ရှစ်ထပ်တိုက်အဆောက်အအုံတွင် အားကစားခန်းမတစ်ခု၊ ရေနွေးငွေ့ရေချိုးခန်းနှင့် စားသောက်ဆိုင်အများအပြား ဖွင့်လှစ်ထားသည်။

ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီဝန်းကျင်တွင် မီးစတင်လောင်ကျွမ်း ပျံ့နှံ့ခဲ့သည်။ ယခုအချိန်ထိ သေဆုံးသူဦးရေ အနည်းဆုံး ၁၆ ဦးခန့်ရှိပြီး ၁၈ ဦးမှာ ဒဏ်ရာရရှိသဖြင့် ဆေးကုသမှုခံယူရန် ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းမှုမှာ ကားရပ်နားရာနေရာမှ စတင်နိုင်ဖွယ်ရှိကြောင်း မီဒီယာများက ဆိုသည်။

မီးသတ်သမားများနှင့် ကယ်ဆယ်ရေးလုပ်သားများက အခင်းဖြစ်အဆောက်အအုံ အနီးအပြားတွင် အသက်ရှင်လျက် ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သေဆုံးမှုနှုန်း မြင့်တက်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းရသည်။

**အင်န်အိတ်ချ်ကေ**



# ဗီယက်နမ်၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၁၀ နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

**ဟန်နွိုင်း ဒီဇင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်)အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံအထိ ဆွဲဆောင်ရန် တာစူနေခြင်းသည် ၁၀ နှစ်တာ ကာလအတွင်း အမြင့်ဆုံး ပမာဏဖြစ်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အေဂျင်စီ၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ မတည်ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံအထိ ရှိလိမ့်မည်ဖြစ်ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကာလအတွင်း အများဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန် အခြေပြစာရင်းအရ ဗီယက်နမ်နိုင်ငံ၌ အက်ဖ်ဒီအိုင်စီမံကိန်း ၂၄၅၈၀ ခုရှိပြီး တရားဝင်မှတ်ပုံတင်ထားချက်အရ ယင်းစီမံကိန်းများ၏ မတည်ရင်းနှီးငွေမှာ အမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၉ ဘီလီယံရှိသည်။

စုစုပေါင်း မတည်ရင်းနှီးငွေ၏ ၅၈ ဒသမ ၄ ရာခိုင်နှုန်းမှာ ကုန်ချောထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်မှုလုပ်ငန်းကဏ္ဍ၌ဖြစ်ကြောင်း၊ ၁၆ ဒသမ ၆ ရာခိုင်နှုန်းမှာမူ အိမ်၊ ခြံ၊ မြေလုပ်ငန်းကဏ္ဍတွင်ဖြစ်ပြီး ၆ ဒသမ ၆ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့နှင့် ရေဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအောက်ရှိ အဆိုပါအေဂျင်စီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၀၀ ကျော်က ရင်းနှီးမြှုပ်နှံရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများအနက် ထိပ်တန်းနိုင်ငံမှာ တောင်ကိုရီးယားဖြစ်သည်။

**ဆင်ဟွာ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr.Scot Marciel အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု အောင်မြင်ရှင်သန်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ



နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၈၉) သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၁**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၈၉) သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးက ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်း တပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီး ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုနှင့် အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၉) ဒုတိယ ရဲအုပ်လောင်း စိုင်းသူရိန်စိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၃) ဒုတိယရဲအုပ်လောင်း ကျော်သီဟ၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၁၇) ဒုတိယရဲအုပ်လောင်းမျိုးကိုကို၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၆၀) ဒုတိယ ရဲအုပ်လောင်း နွေးနွေးထူးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က အမှာစကား ပြောကြားရာတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရတော့မည် ဖြစ်သည့်အတွက် ခေါင်းဆောင်မှု အင်္ဂါရပ်နှင့်ညီအောင် ကျင့်ကြံနေထိုင်၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် အရေးကြီး လုံခြုံရေး၊ မှုခင်းဖော်ထုတ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုင်ရာ ကဏ္ဍများတွင် အမျိုးသားတပ်ဖွဲ့ဝင်များနှင့် အတူ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားကြရန်၊ ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ရဲတပ်ဖွဲ့၏မူဝါဒများ၊ အခြေခံ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်မှုစနစ်များ၊ အသွင်သဏ္ဍာန်နှင့် အနှစ်သာရများ တိုးတက်အောင် ဆောင်ရွက်၍ ရဲတပ်ဖွဲ့၏ ကောင်းမွန်သည့် သမားစဉ်လုပ်ငန်းများ၊ အစဉ်အလာများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ညနေပိုင်းတွင် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအား ဇီးပင်ကြီး ရဲအရာရှိ လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးတို့ တက်ရောက်ချီးမြှင့်ခဲ့ပြီး ရဲအရာရှိကြီးများ၊ သင်တန်းဆင်း ဒုတိယရဲအုပ်များ၊ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တက္ကသိုလ်များ အဆင့်မြင့် မြားပစ်သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**
ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် တက္ကသိုလ်များ အဆင့်မြင့်မြားပစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ဂိတ်အမှတ်(၅) ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်မိမိအောင်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး Recurve အမျိုးသား ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ စိုးရန်နိုင်၊ ဒုတိယဆုရ ဘော်ဇာနှင့် တတိယဆုရ မင်းသီဟကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက Recurve အမျိုးသမီး ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ



နှင်းအဥ္ဇလီ၊ ဒုတိယဆုရ ခင်သက်သက်ဇွန်နှင့် တတိယဆုရ ခက်ခက်တုံတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ရန်နိုင်ဆက် သိပ္ပံ(ရန်ကုန်)၊ ဒုတိယဆုရ သီဟထက်ဇော် (အဖွဲ့ချုပ်လူငယ်)နှင့် တတိယဆုရ စောဘလုလေ့အယ်(အဖွဲ့ချုပ်လူငယ်)တို့အား ဆုများပေးအပ်ချီးမြှင့်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့်အဖွဲ့ချုပ်လူငယ်မှ Mix Team ပထမဆုရလင်းခန့်နှင့် အေးအေးသင်း သိပ္ပံ(ရန်ကုန်)နှင့် အသင်းလိုက် ပထမဆုရ နေသူရိန်ဝင်း၊ စောဘလုလေ့အယ်နှင့် သီဟထက်ဇော် (အဖွဲ့ချုပ်လူငယ်)တို့အား ဆုများပေးအပ်ချီးမြှင့်ကာ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်မိမိအောင်က သင်တန်းသား သင်တန်းသူများသို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၁**
သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍**
**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏**
**သတင်းထုတ်ပြန်ချက်**
**အမှတ်စဉ် (၁၄/၂၀၁၇)**

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့တွင် ပြန်လည်အနားပေး စုဖွဲ့လျက်ရှိသော လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ဝင်များထံမှ ရရှိခဲ့သည့် လုံခြုံရေးဆိုင်ရာ အရေးကြီးစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တွေ့ရှိခဲ့သော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး(ခ) ကိုမိုးအောင်တို့နှစ်ဦးအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ညတွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၌ ဖမ်းဆီးရမိကြောင်း၊ ၎င်းတို့နှစ်ဦးအား ထောက်ကြန့်နယ်မြေရဲစခန်း(ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ အဆိုပါ သတင်းထောက်နှစ်ဦးအား မိသားစုဝင်များနှင့် တွေ့ဆုံခွင့်မရရှိကြောင်း၊ မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရှိရကြောင်း၊ ၎င်းတို့အပေါ် စွပ်စွဲချက်များကို ခုခံချေပဖြေရှင်းနိုင်ရေးအတွက် ရှေ့နေနှင့် တွေ့ဆုံခွင့်မရရှိကြောင်း ကော်မရှင်သို့ တိုင်တန်းချက်အရ သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ မိသားစုဝင်များ၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိရေးတို့အပါအဝင် ၎င်းတို့ရပိုင်ခွင့်ရှိသော လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်**

## (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၁**
(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ (17th Congress of Southeast Asian Librarians- CONSAL XVII)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော် MICC-2 တွင် ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် www.consalxvii.org/registration တွင်လည်းကောင်း၊ ပြခန်းခင်းကျင်းပြသလိုသူများသည် www.consalxvii.org/exhibition တွင်လည်းကောင်း စာရင်းပေးသွင်းနိုင်ကြပါသည်။ ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကြေးအားဖြင့်လည်းကောင်း၊ အမှတ်တရပစ္စည်းအားဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်း ကူညီပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**
**အတွင်းရေးမှူးရုံးအဖွဲ့**

| | | |
|---|---|---|
| ဦးအောင်မြင့် | ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန | ၀၆၇-၃၄၀၈၃၈၃ |
| ဒေါ်အဝင်း | ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | ၀၉-၂၅၀၃၅၄၃၅၄ |
| ဒေါ်မြဦး | ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက် (နေပြည်တော်) | ၀၉-၄၂၀၇၂၈၄၄၆ |
| ဒေါက်တာကေသီအေး | လက်ထောက်ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက် (နေပြည်တော်) | ၀၉-၄၃၀၆၅၂၆၆ |

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# လေဖြတ်ဝေဒနာနှင့် ဖီဆီအိုသရပီ အကြောအဆစ်ကုပညာ

## တင်လှိုင်စိုး(Physiotherapist)

တစ်ကမ္ဘာလုံးအနေနဲ့ လူဦးရေ ၁၅ သန်းမှ ၁၇ သန်းလောက် နှစ်စဉ် လေဖြတ်ဝေဒနာကို ခံစားနေရပါတယ်။ လေဖြတ်လို့ ခြောက်သန်းလောက်သေဆုံးပြီး ငါးသန်းလောက်ဟာ မသန်မစွမ်းမှုကို ခံစားကြရပါတယ်။ နှစ်စက္ကန့်မှာ တစ်ယောက်နှုန်း လေဖြတ်နေပါတယ်။ အမေရိကန်နိုင်ငံမှာ နှစ်စဉ် ၇၉၀၀၀ လေဖြတ်ပြီး ၁၄၀၀၀ လောက် သေဆုံးပါတယ်။ လေဖြတ်ဝေဒနာဟာ တတိယအသေအပျောက်အများဆုံးဖြစ်ပြီး တိုးတက်တဲ့နိုင်ငံတွေမှာ စတုတ္ထအများဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ တချို့သော လေ့လာမှုတွေအရ ၃၀ ရာခိုင်နှုန်းသေဆုံးပြီး ၃၀ ရာခိုင်နှုန်း ပြန်ကောင်းသွားပါတယ်။ ၄၀ ရာခိုင်နှုန်းကတော့ နောက်ဆက်တွဲ မသန်မစွမ်းဝေဒနာတွေ ခံစားကြရပါတယ်။ ဒီထဲမှာ တစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းလောက်ဟာ မသွားလာနိုင်ဘဲ အခြားသူပေါ်မှာပဲ မှီခိုနေရပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေအလိုက် ဖြစ်နှုန်းကွာခြားပါတယ်။

နှစ်ပေါင်း ၄၀ နီးပါး အတွေ့အကြုံအရ တစ်နှစ်ပတ်လုံး လေဖြတ်ကြသော်လည်း အလွန်အေးတဲ့ ဒီဇင်ဘာနဲ့ ဇန်နဝါရီလအတွင်းမှာ လေဖြတ်တာပိုများတာကို တွေ့ရပါတယ်။

### လေဖြတ်ခြင်း

လေဖြတ်ခြင်း ဆိုသည်မှာ ဦးနှောက်ကို ဖြန့်ဝေတဲ့ သွေးကြောတွေရဲ့ တစ်နေရာမှာ အကြောင်းတစ်ခုခုကြောင့် သွေးမစီးတော့ဘူး၊ သွေးရောက်တာ အလွန်နည်းသွားတယ်၊ ဒါမှမဟုတ် လုံးဝမရောက်တော့ဘူးဆိုရင် သွေးမရတဲ့ ဦးနှောက်ဆဲလ်တွေဟာ အောက်ဆီဂျင်နဲ့ အာဟာရဓာတ်တွေမရတော့လို့ အလုပ်မလုပ်တော့ဘူး။ ပျက်စီးသွားတတ်ပါတယ်။ ၂၄ နာရီကျော်တဲ့အထိ ပြန်မကောင်းရင် Stroke လို့ခေါ်ပါတယ်။ ၂၄ နာရီအတွင်း ပြန်ကောင်းရင်တော့ TIA လို့ ခေါ်ပါတယ်။

သွေးခဲပိတ်သွားလို့ ပဲဖြစ်ဖြစ်၊ သွေးခဲမဟုတ်ဘဲ အခြားတစ်ခုခု ပိတ်သွားလို့ပဲဖြစ်ဖြစ် ဦးနှောက်ကို သွေးမရောက်လို့ လေဖြတ် (Stroke) သွားတာကိုတော့ Inchemic stroke လို့ ခေါ်ပါတယ်။ သွေးကြောပေါက်ပြီး သွေးခဲပိပြီး ဦးနှောက်ဆဲလ်တွေပျက်စီးလို့ လေဖြတ်တာကိုတော့ Haemorrhage stroke လို့ ခေါ်ပါတယ်။ ဦးနှောက်မှာ နှစ်ခြမ်းရှိပါတယ်။ ဘယ်ဘက်ခြမ်းက ခန္ဓာကိုယ်ရဲ့ ညာဘက်ခြမ်း၊ ဦးနှောက်ရဲ့ ညာဘက်ခြမ်းက ခန္ဓာကိုယ်ရဲ့ ဘယ်ဘက်ခြမ်းကို ထိန်းချုပ်ပါတယ်။ ဦးနှောက်ထဲမှာ သူ့အကန့်နဲ့ သူ၊ သူ့နေရာနဲ့ သူ ရှိပါတယ်။ လက်အတွက် နေရာ၊ ခြေထောက်အတွက်နေရာ၊ စကားပြောတာနဲ့ ဆိုင်တဲ့နေရာ၊ အမြင်အကြားအာရုံသိတဲ့နေရာစသဖြင့် အမျိုးမျိုးရှိပါတယ်။ ဦးနှောက်ရဲ့ ဘယ်ဘက်ခြမ်းထိခိုက်ရင် ခန္ဓာကိုယ်ရဲ့ ညာဘက်ခြမ်းရဲ့ လှုပ်ရှားမှုတွေ ထိခိုက်ပါတယ်။ ပြောင်းပြန်ဖြစ်ပါတယ်။ စကားပြောတဲ့နေရာပျက်စီးရင် စကားမပြောနိုင်တော့ပါဘူး။ အပူအအေး ထိတွေ့မှုနဲ့ဆိုင်တဲ့ နေရာတွေ ထိခိုက်ရင် အပူအအေးထိတွေ့မှုကို မသိတော့ပါဘူး။ ဒါကြောင့် ဦးနှောက်ရဲ့ ပျက်စီးတဲ့ နေရာအနည်းအများ ပမာဏအပေါ် မူတည်ပြီး တစ်ယောက်နဲ့တစ်ယောက် ခံစားရတဲ့ ဝေဒနာက မတူကြပါဘူး။

**လေဖြတ်ဝေဒနာ၏ လက္ခဏာ**

- မျက်နှာတစ်ခြမ်းထုံလာမယ်၊ လေးလာမယ်၊ ရွဲ့သွားမယ်၊
- စကားမပီ၊ စကားမပြောနိုင်၊
- မျက်စိအမြင်မှာ လေဖြတ်တဲ့ဘက်ကို မမြင်ဘူး၊ မကြည်ဘူး၊
- ခြေလက်တွေ လေးမယ်၊ အားနည်းသလိုဖြစ်မယ်၊ မလှုပ်နိုင်ဖြစ်မယ်၊
- ထိုင်ရင်၊ မတ်တတ်ရပ်ရင်၊ လမ်းလျှောက်ရင် မထိန်းနိုင်ဖြစ်မယ်၊ လဲကျချင်သလိုဖြစ်မယ်။
- ခေါင်းကိုက်၊ ခေါင်းမူး၊ သတိလစ်ချင်သလိုဖြစ်မယ်၊ ချက်ချင်း လက္ခဏာပြသလို တဖြည်းဖြည်းချင်းဖြစ်လာတာလည်း ဖြစ်နိုင်ပါတယ်။

လေဖြတ်တဲ့ လက္ခဏာခံစားရပြီဆိုရင်တော့ အမြန်ဆုံးဆေးရုံရောက်ဖို့လိုပါတယ်။ သွေးခဲပိတ်တာဆိုရင် သုံးနာရီအတွင်း အရောက်သွားဖို့လိုပါတယ်။ သွေးကြောပေါက်တာဆိုရင် ဆေးရုံကို အမြန်ဆုံးရောက်ဖို့လိုပါတယ်။ ဦးနှောက်သွေးကြောပိတ်ရင် တစ်မျိုး၊ ပေါက်ရင် တစ်နည်း ကုသပုံမတူပါဘူး။ ကုသမှု နောက်ကျလေ ဦးနှောက်ဆဲလ်တွေ သန်းနဲ့ချီပြီး ပျက်စီးနိုင်လေဖြစ်မယ်။ ဝေဒနာပိုပြီး ခံစားရနိုင်ပါတယ်။ အခန့်မသင့်ရင် သေနိုင်ပါတယ်။

ဆေးဝါးနဲ့ပဲ ကုကု၊ ခွဲစိတ်လို့ပဲ ကုကု ဖီဆီအိုသရပီအကြောအဆစ်ကုပညာရှင်နဲ့ပါ ပူးပေါင်းပြီး ကုသဖို့လိုပါတယ်။ စာရေးသူဟာ ဖီဆီအိုသရပီ အကြောအဆစ်ကုပညာရှင်တစ်ဦးဖြစ်လို့ ဖီဆီအိုသရပီနဲ့ ကုသတဲ့ အကြောင်းကိုပဲ တင်ပြပါမယ်။ တချို့သော ဝေဒနာရှင်တွေကတော့ ဖီဆီအိုသရပီနည်းနဲ့ ကုသခွင့်ရကြပေမယ့် တချို့ကတော့ အကြောင်းအမျိုးမျိုးကြောင့် ကုသခွင့် မကြုံကြရပါဘူး။ ဆရာအမျိုးမျိုးနဲ့ ကုသပြီး နောက်ဆုံးမှ၊ ခြေလက်တွေ ကွေးကောက်မှ လာပြလို့ ကုသပေးရတာလည်း မနည်းပါဘူး။ ဖီဆီအိုသရပီ ပညာကို သိတဲ့လူလည်း နည်းပါသေးတယ်။

ဖီဆီအိုသရပီဆိုတာ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ပညာရပ်တစ်မျိုး ဖြစ်ပါတယ်။ လူတွေရဲ့ လှုပ်ရှားမှုနဲ့ ခန္ဓာကိုယ်ကြီး၏ လုပ်ငန်းစွမ်းဆောင်မှုကို အကောင်းဆုံး အမြင့်ဆုံးဖြစ်အောင်၊ ဘဝတန်ဖိုးအမြင့်ဆုံးဖြစ်အောင် ကုသပေးရတဲ့ ပညာဖြစ်ပါတယ်။ ကျန်းမာရေးမြှင့်တင်မှုကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးတွေပါပါတယ်။ ဖီဆီအိုသရပီနည်းနဲ့ လေဖြတ်ဝေဒနာကို ကုသရာမှာ စက်ကိရိယာတွေ၊ လေ့ကျင့်ခန်းတွေ၊ အထောက်အကူပြု ကိရိယာတွေ၊ ဆွေးနွေးအားပေးခြင်းတွေနဲ့ ကုသပေးပါတယ်။ ရောဂါဝေဒနာအခြေအနေပေါ် မူတည်ပြီး ကုသပေးရပါတယ်။ ကုသနည်းတွေကလည်း အမျိုးမျိုးရှိပါတယ်။

အကြောအဆစ်ကုပညာရှင် (Physiotherapist) တစ်ယောက်အနေနဲ့ မကုသခင်မှာ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ရပါတယ်။ လူနာရဲ့ နိုးကြားမှု၊ သွေးပေါင်၊ နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်း၊ ကိုယ်အပူချိန်၊ ဆီးချိုတို့ကို ကြည့်ရပါတယ်။ ဓာတ်ခွဲခန်းအဖြေတွေ၊ ဓာတ်မှန်၊ သောက်ထားတဲ့ ဆေးတွေကို သိရပါတယ်။ သွေးတိုးလွန်း၊ ကျလွန်းရင် ဆီးချိုတက်လွန်း၊ ကျလွန်းရင်၊ နှလုံးခုန်နှေးလွန်း၊ မြန်လွန်းနေရင်၊ အသက်ရှူကျပ်နေရင် အားစိုက်လုပ်ရတဲ့ လေ့ကျင့်ခန်းတွေ လုပ်လို့ မရပါဘူး။ ဘာမလုပ်နိုင်ဘူး၊ ဘာလုပ်နိုင်တယ်စသည်တွေကို သေချာစမ်းသပ်စစ်ဆေးရပါတယ်။ စမ်းသပ်စစ်ဆေးမှုမှန်မှ မှန်ကန်တဲ့ ကုသမှုကို ပေးနိုင်မယ်ဖြစ်ပါတယ်။

### ဘယ်အချိန်မှာ ဖီဆီအိုသရပီနဲ့ ကုသရမလဲ

လေဖြတ်ပြီဆိုတာနဲ့ စတင်ကုသလို့ ရပါတယ်။ လေဖြတ်ခါစအိပ်ရာထဲမှာ သတိရချင်ရမယ်၊ သတိလစ်ချင်လစ်နေပါမယ်။ မလှုပ်နိုင်၊ မစောင်းနိုင်ဖြစ်နေပါမယ်၊ အိပ်ရာထဲမှာ နေရတော့ အဆုတ်မှာ ချွဲသလိပ်တွေ စုလာမယ်၊ အောက်ဆီဂျင်ကောင်းစွာ မရတော့ပါဘူး။ အောက်ဆီဂျင်ကောင်းကောင်းမရရင် ဦးနှောက်ဆဲလ်တွေ ပိုပြီး ပျက်စီးနိုင်ပါတယ်။ မလှုပ်ရှားတဲ့အတွက် သွေးလည်ပတ်မှု နှေးပြီး ခြေထောက်မှာ သွေးခဲတတ်ပါတယ်။ သွေးခဲပြုတ်ပြီး အဆုတ်မှာသွားပိတ်ရင် သေနိုင်ပါတယ်။ အိပ်ရာပူနာဖြစ်တတ်ပါတယ်။ ပိုးဝင်ပိုးပွါးပြီး သေတတ်ပါတယ်။ အကြောတွေကလည်း အားနည်း၊ သိမ်သွားပါမယ်။ အဆစ်တွေလည်း ပုံပျက်သွားတတ်ပါတယ်။ အိပ်ရာထဲမှာ မလှုပ်ရှားနိုင်၊ ငြိမ်နေတဲ့အတွက် ဆိုးကျိုးတွေ များပါတယ်။ အဆုတ်ကောင်းအောင်၊ သွေးမခဲအောင်၊ အနာတွေ မဖြစ်အောင်၊ အကြောတွေ အားနည်းပြီး သိမ်မသွားအောင်၊ အဆစ်တွေ မကုပ်အောင် အကြောအဆစ်ကုပညာရှင်တွေက ကာကွယ် ကုသပေးရပါတယ်။

### အဆင့်ဆင့်ကုသ

လေဖြတ်ပြီ ဆိုတာနဲ့ စိတ်ထိခိုက်မယ်။ ပူပင်သောကဖြစ်မယ်။ စိတ်ဓာတ်ကျမယ်၊ ငိုလွယ် ရယ်လွယ်၊ စိတ်တို တတ်ပါတယ်။ မေ့တတ်တယ်၊ မမှတ်မိဘူး။ ဒီအခါမှာ အားပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတွေနဲ့ လေ့ကျင့်ကုသပေးရပါတယ်။

အမြင်အာရုံက ဖြစ်တဲ့ဘက်ကို မမြင်ဘူး။ ဂရုမစိုက်ဘူးဆိုရင် နှစ်ဖက်လုံး နှစ်ခြမ်းလုံး မြင်အောင်၊ ဂရုစိုက် ကြည့်အောင် ကုသပေးရပါတယ်။ တချို့လေဖြတ်တဲ့ ပန်းချီဆရာတွေကို လူပုံဆွဲခိုင်းရင် ကိုယ်တစ်ခြမ်းပဲဆွဲတဲ့ လူတွေရှိတယ်လို့ ဆိုပါတယ်။

စကားမပြောနိုင်တဲ့သူတွေကို စကားပြောနိုင်လာအောင်၊ အစာမမျိုနိုင်တဲ့သူတွေ မျိုနိုင်အောင်၊ စားနိုင်အောင်၊ သောက်နိုင်အောင် သွားရည်တွေကျနေရင် မကျအောင် အကြောအဆစ်ကုပညာရှင်တွေက ကုသပေးရပါတယ်။

အိပ်ရာထဲမှာ ဟိုဘက်ဒီဘက် မစောင်းနိုင်မလှည့်နိုင်သူတွေကို စောင်းနိုင်လှည့်နိုင်အောင်၊ အိပ်ရာမှ ထထိုင်နိုင်အောင် ကောင်းကောင်းထိုင်နိုင်အောင်၊ ထိုင်ရာမှ မထနိုင်သူတွေ ထနိုင်ရပ်နိုင်အောင်၊ အလွတ်ထိုင်နိုင်၊ အလွတ် ရပ်နိုင်အောင် ကုသပေးရပါတယ်။ စာရေးသူရဲ့ ဆောင်ပုဒ်ကတော့ အထိုင်ကောင်းမှ အရပ်ကောင်းမည်၊ အရပ်ကောင်းမှ အလျှောက်ကောင်းမည် ဖြစ်ပါတယ်။ အားနည်းတဲ့ ခြေလက်တွေ အားကောင်းလာအောင်၊ နေ့စဉ်လုပ်ငန်းတွေ လုပ်ကိုင်နိုင်အောင်၊ စီးပွားရေး၊ လူမှုရေးတွေ လုပ်နိုင်အောင်၊ နောက်ဆုံးဘဝ အရည်အသွေးကောင်းအောင် အဆင့်ဆင့်ကုသပေးရပါတယ်။

လေဖြတ်ဝေဒနာကို ဖီဆီအိုသရပီ အကြောအဆစ်ကုပညာနဲ့ ကုသတဲ့နည်းတွေကတော့ အမျိုးမျိုးရှိပါတယ်။ ဥပမာအားဖြင့်

- Functional electrical stimulation ဆိုတဲ့ လျှပ်စစ်နဲ့ ကုသနည်း
- Robotic theropy ဆိုတဲ့ စက်ရုပ်နဲ့ ကုသနည်း
- virtual Reality
- PNF technique အကြောအဆစ်ထဲမှာရှိတဲ့ အာရုံကြောတွေကို လှုံ့ဆော်ပြီး ကြွက်သားတွေကို အလွယ်တကူ အလုပ်လုပ်စေတဲ့နည်း
- Motor Relarning Programme
- Neurodevilopmental therapy
- coristraint induced therapy
- functional Therapy
- Mirror therapy
- အထောက်အကူပြုကိရိယာတွေနဲ့ ကုသနည်း
- Brainstrom နည်း

နည်းတွေကတော့ အများကြီးရှိပါတယ်။ ဘယ်နည်းတွေနဲ့ပဲ သုံးသုံး၊ ဘယ်ကိရိယာတွေနဲ့ ကုကု၊ ဘယ်ဆေးတွေပဲ သောက်သောက် လေ့ကျင့်ခန်းကတော့ လုပ်ရမှာ ဖြစ်ပါတယ်။ လေ့ကျင့်ခန်းကလည်း လုပ်ချင်သလို လုပ်လို့ မရပါဘူး။ လေ့ကျင့်ခန်းဆိုတာ ရည်ရွယ်ချက်ရှိရှိ၊ စနစ်တကျ၊ နည်းမှန်၊ လမ်းမှန်၊ အချိန်မှန်မှန်နဲ့ ထပ်ပြန်တလဲလဲ လုပ်ဆောင်ရတဲ့ လုပ်ဆောင်မှုကို ခေါ်တာပါ။ အကြောအဆစ်ကုပညာရှင်တစ်ယောက်အနေနဲ့ လေ့ကျင့်ခန်း ညွှန်ကြားမယ်ဆိုရင် လူနာရဲ့ အသက်၊ ကျန်းမာရေးအခြေအနေအရ နှလုံးခုန်နှုန်းကို ဘယ်လောက်အထိပေးမလဲ၊ သွေးပေါင်ချိန် ဘယ်လောက်အထိပဲ တက်မလဲ၊ ဘယ်နှကြိမ် လုပ်မလဲ၊ တစ်ပတ်ကို ဘယ်နှခါလုပ်မလဲ၊ ဘယ်လို လေ့ကျင့်ခန်းတွေကို ရွေးချယ်ပေးမလဲ၊ လူနာရဲ့ ဆန္ဒ၊ စိတ်နေစိတ်ထားကို ကြည့်ပြီး ညွှန်ကြားရပါတယ်။

### ဘာကြောင့်လေ့ကျင့်ပေးရသလဲ

တချို့လူနာတွေမှာ ဦးနှောက်က မပျက်စီးသေးဘူး၊ ရောင်နေမယ်၊ နောက်တော့ အရောင်လျော့သွားမယ်။ ပြန်ကောင်းသွားမယ်၊ ဒီအချိန်အတွင်းမှာ ဦးနှောက်က လှုပ်ရှားမှုတွေကို မေ့သွားမယ်၊ လေ့ကျင့်ခန်းလုပ်ပေးရင် ပြန်သတိရလာပြီး ပုံမှန်လှုပ်ရှားနိုင်ပါမယ်။

တချို့ဦးနှောက်ဆဲလ်တွေဟာ သာမန်အချိန် ကောင်းနေတဲ့အချိန်မှာ အလုပ်မလုပ်ပါဘူး။ သေလည်း မသေပါဘူး။ ငြိမ်နေပါတယ်။ ဆဲလ်တွေ ပျက်စီးသွားလို့ လေဖြတ်သွားပြီဆိုတော့မှ ကောင်းတဲ့ ဦးနှောက်မှာရှိတဲ့ ငြိမ်နေတဲ့ အရန်ဆဲလ်တွေဟာ နိုးကြားလာပြီး အလုပ်လုပ်ပါတယ်။ ဒါကလည်း လေ့ကျင့်ခန်းလုပ်မှ နိုးကြားလာတာပါ။ ခြေလက်တွေ ပြန်ပြီးလှုပ်ရှားနိုင်တာပါ။ အရန်ဆဲလ်တွေနဲ့ အစားထိုးပြီး လှုပ်ရှားလာနိုင်အောင် လေ့ကျင့်ခန်းလုပ်ရခြင်းဖြစ်ပါတယ်။ Alternative နည်းပါ။

နောက်တစ်နည်းကတော့ Neuroplasticity ဆိုတဲ့ နည်းပါ။ ပျက်စီးသွားတဲ့ ဆဲလ်တွေရဲ့ အနားမှာ မပျက်စီးသေးဘဲ ကျန်ခဲ့တဲ့ ဆဲလ်တွေရှိပါတယ်။ ကျန်တဲ့ ကောင်းတဲ့ဆဲလ်တွေက အတက်လေးတွေ ထပ်ထွက်လာပြီး သေသွားတဲ့ ဆဲလ်တွေရဲ့အစား တစ်ခုနဲ့ တစ်ခု ချိတ်ဆက်ပြီး ခြေလက်တွေကို ပြန်အလုပ်လုပ်စေတဲ့ နည်းပါ။ ဒါကလည်း လေ့ကျင့်ခန်းတွေလုပ်မှ ဆဲလ်တွေက အတက်ထပ်ထွက်လာတာပါ။ လေ့ကျင့်ခန်းမလုပ်ရင်တော့ အတက်ထပ်ထွက်မလာပါဘူး။ ငြိမ်နေလို့တော့ ဘာမှဖြစ်မလာပါဘူး။

နောက်တစ်နည်းကတော့ Neurogenesis လို့ ခေါ်ပါတယ်။ နောက်ထပ် ဦးနှောက်ဆဲလ်အသစ်တွေ ဖြစ်လာတာပါ။ အရင်ကတော့ လူတစ်ယောက်ရဲ့ ဦးနှောက်ဆဲလ်အရေအတွက်က အကန့်အသတ်ရှိပြီး ပျက်စီးသွားရင် နောက်ထပ်ဆဲလ်အသစ်ထပ်မဖြစ်တော့ဘဲ လျော့နည်းသွားတယ်လို့ ထင်ခဲ့ပါတယ်။ ခုတော့ အဲသလို မဟုတ်တော့ပါဘူး။ အသက် (၈၀)ကျော်တဲ့အထိ ဦးနှောက်ဆဲလ်အသစ်တွေ ထပ်ပြီး ဖြစ်လာတယ်၊ ပွားလာတယ်လို့ သိလာရပါတယ်။ ဆဲလ်အသစ်တွေကလည်း လေ့ကျင့်ခန်းတွေလုပ်မှ ဖြစ်လာတာပါ။ ဆဲလ်အသစ်တွေ ပွားလာလို့ လေ့ကျင့်ခန်းပိုလုပ်နိုင်၊ ခြေလက်တွေ ပိုလှုပ်ရှားနိုင်၊ ပိုပြီး လှုပ်ရှားလို့၊ လေ့ကျင့်ခန်းတွေ လုပ်လို့ ဦးနှောက်ဆဲလ်အသစ်တွေ ပိုပြီး တိုးပွားလာပါတယ်။

You can shape your brain as you want လို့ ဆိုပါတယ်။ ဦးနှောက်က လိုသလို ပုံသွင်းနိုင်ပါတယ်။ ဒါပေမယ့် လေ့ကျင့်ခန်းလုပ်ဖို့တော့ လိုပါတယ်။ အတွေးအခေါ်ကောင်းချင်ရင်၊ မှတ်ဉာဏ်ကောင်းချင်ရင်၊ လုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်နိုင်ချင်ရင် သက်ဆိုင်တဲ့ လေ့ကျင့်ခန်းတွေလုပ်ဖို့ လိုပါတယ်။ ဦးနှောက်ထဲမှာ သက်ဆိုင်တဲ့ နေရာမှာရှိတဲ့ ဆဲလ်တွေ တိုးပွားလာပါမယ်။ MRI ဓာတ်မှန်ရိုက်ကြည့်တော့ ဦးနှောက်က ပိုကြီးထွားလာတာ တွေ့ရပါတယ်။ ကမ္ဘာကျော်ဘောလုံးသမား စီရိုနယ်လ်ဒိုဟာ တစ်နေ့ကို ငါးနာရီလေ့ကျင့်ခန်းလုပ်တယ်လို့ ဆိုပါတယ်။


ဆေးသောက်ရုံတစ်မျိုးတည်းနဲ့တော့ မရပါဘူး။ ဒါကြောင့် လေဖြတ်တဲ့သူတွေဟာ ဘာမှအားငယ်စရာမလိုပါဘူး။ စိတ်ပျက်စရာ၊ စိတ်ဓာတ်ကျစရာ မလိုပါဘူး။ တကယ်ကောင်းချင်ရင်၊ တကယ်လေ့ကျင့် အဟုတ်ကောင်းပါလိမ့်မယ်။ စာရေးသူကုသပေးနေတဲ့ သူတစ်ယောက်ဆိုရင် လေဖြတ်ပြီး တကယ်ကြိုးစားလိုက်တော့ သွားလာလှုပ်ရှားနိုင်တယ်။ ကောင်းချင်တဲ့ စိတ်နဲ့ တကယ်ကြိုးစားတော့ လှုပ်ရှားသွားနိုင်ရုံမဟုတ်ဘဲ သိန်းပေါင်းထောင်သောင်းနဲ့ ချီပြီး ပိုပြီး ချမ်းသာလာပါတယ်။

လေ့ကျင့်ခန်းတွေ လုပ်ဖို့လိုသလို၊ သက်ဆိုင်ရာ ဆရာဝန်ရဲ့ ညွှန်ကြားတဲ့ ဆေးဝါးလည်း စားရမယ်။ အိုမီဂါသရီးလည်း စားဖို့ လိုပါတယ်။ သကြားတွေ၊ ကာဗိုဟိုက်ဒရိတ်တွေ၊ အန္တရာယ်ရှိတဲ့ အဆီတွေကို လျှော့ရပါမယ်။ အိပ်ရေးဝဝအိပ်ဖို့၊ စိတ်ဖိစီးမှုတွေ လျှော့ဖို့ လိုပါတယ်။

စာမျက်နှာ ၇ သို့ ✻

> ❝ လေဖြတ်တဲ့ လက္ခဏာခံစားရပြီဆိုရင်တော့ အမြန်ဆုံးဆေးရုံရောက်ဖို့ လိုပါတယ်။ သွေးခဲပိတ်တာဆိုရင် သုံးနာရီအတွင်း အရောက်သွားဖို့ လိုပါတယ်။ သွေးကြောပေါက်တာဆိုရင် ဆေးရုံကို အမြန်ဆုံးရောက်ဖို့ လိုပါတယ်။ ဦးနှောက်သွေးကြောပိတ်ရင် တစ်မျိုး၊ ပေါက်ရင် တစ်နည်း ကုသပုံမတူပါဘူး။ ကုသမှု နောက်ကျလေ ဦးနှောက်ဆဲလ်တွေ သန်းနဲ့ချီပြီး ပျက်စီးနိုင်လေဖြစ်မယ်။ ဝေဒနာပိုပြီး ခံစားရနိုင်ပါတယ်။ အခန့်မသင့်ရင် သေနိုင်ပါတယ်။ ❞

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )

၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်။ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်


## ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရေး ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေနှင့် မွမ်းမံရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေပေးရေးလုပ်ငန်းများ၊ တံတားလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်းက ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းအဖွဲ့များ၏ လိုအပ်ချက်များနှင့် ကွာခြားချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် မူလတန်းကျောင်းသားဦးရေ




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ် မှ စုစည်း တင်ပြပါသည်။

## ဗဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာဖောင်ဒေးရှင်းတို့မှ စီစဉ်သည့် အမြင့်ဆုံး၊ အကြီးမားဆုံး၊ တန်ဖိုးအရှိဆုံး သစ်သားပန်းပုပြိုင်ပွဲ



**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာတို့၏ အနုပညာလက်ရာ သစ်သားပန်းပုထုလုပ်ငန်း မြှင့်တင်ရန်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ ပန်းပုပညာရှင်များ၏ တစ်ဦးချင်းလက်ရာများကို နိုင်ငံတကာအဆင့်မီလက်ရာများ ဖြစ်လာစေရန်၊ ကမ္ဘာတစ်ဝန်း မြန်မာတို့၏ ပန်းပုလက်ရာများ ထင်ကျန်ရစ်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မည့် သတ္တမအကြိမ်မြောက် သစ်သားပန်းပုပြိုင်ပွဲကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှာရှိကြသည့် ပန်းပုပညာရှင်များအား ဖိတ်ခေါ်ပြီး စိတ်ကြိုက်နှင့် မော်ဒန်ပြိုင်ပွဲ နှစ်ခု ကျင်းပသွားမည်ဟု သိရသည်။ ဆုကြေးငွေများကိုလည်း အထိုက်တန်ဆုံး ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၇၅ သိန်း၊ ဒုတိယဆု ငွေကျပ် သိန်း ၅၀၊ တတိယဆု ငွေကျပ် သိန်း ၃၀ အပြင် ရွှေ ငါးမူးသားဆုတံဆိပ်များ ကိုလည်း ချီးမြှင့်မည်ဖြစ်သည်။ ထို့အပြင် အထူးဆုရရှိသူကို ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲ၌ ဆုရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ပြိုင်ပွဲဝင်သူအားလုံး ကို စရိတ်ချီးမြှင့်ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ ပေးမည်ဖြစ်သည်။ "ပြိုင်ပွဲတစ်ခုမှာ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝင်ကြေးဆိုတာတွေရှိပေမယ့် အခုဒီပြိုင်ပွဲကတော့ ဝင်ပြိုင်သူက ဘာမှပေးစရာမလိုဘဲ ပြိုင်ပွဲဝင်ရုံနဲ့ စရိတ်ရတဲ့ပြိုင်ပွဲမို့ ထူးခြားတဲ့ပြိုင်ပွဲလို့ ဆိုချင်ပါတယ်"ဟု ဖောင်ဒေးရှင်းမှ တာဝန်ရှိသူက ပြောသည်။

"ပန်းပုပြိုင်ပွဲဖြစ်ပေါ်လာရခြင်းအကြောင်း ဇာစ်မြစ်ကို ပြောရရင်တော့ ၂၀၀၈ ခုနှစ် မေလက မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေမှာ နာဂစ်ရဲ့ အမွေအဖြစ် သစ်ပင်ကြီး၊ ငယ်တို့ ပြိုလဲကုန်ပါတယ်၊ ဒီသစ်ပင်ကြီးငယ်ကို အမှတ်တမဲ့ ထားခဲ့ရင် ထင်း၊ မီးသွေးအဖြစ် ပြောင်းလဲသွားမှာဖြစ်ပါတယ်၊ ဒါကို တွေးမိတဲ့ ဥက္ကဋ္ဌ ဦးခင်မောင်အေးဟာ နှစ်ပေါင်း ရာချီပြီးရှိခဲ့ကြတဲ့ သစ်ပင်ကြီးငယ်တို့ကို ပန်းပုအသွင်ပြောင်းလဲပြီး နာဂစ်အလွန် မြန်မာ့သစ်သားပန်းပုပြိုင်ပွဲ အမည်ပေးပြီး ၂၀၀၉ ခုနှစ်က စတင်ကျင်းပခဲ့ပါတယ်၊ ဆက်တိုက်ဆိုသလိုပါပဲ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ သစ်သားပန်းပုပြိုင်ပွဲတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်၊ ဆုကြေးငွေတွေကိုလည်း တစ်နှစ်ထက် တစ်နှစ် ပိုပြီး ချီးမြှင့်နိုင်ခဲ့သလို ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ ပန်းပုပညာရှင်တွေကလည်း များလာပါတယ်"ဟု အယ်ဒီတာတစ်ဦးမှ ပြောသည်။

ပြိုင်ပွဲသည် မြန်မာနိုင်ငံတစ်ဝန်းမှာရှိသည့် ပန်းပုပညာရှင်များ ဝမ်းသာဂုဏ်ယူရမည့်ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲနှင့်အတူ ရန်ကုန်မြို့ ဆရာစံ ပလာဇာမှာ ဖွင့်လှစ်ထားရှိသည့် မြန်မာ့အမှတ်တရ ပစ္စည်းအရောင်းဆိုင်များကလည်း ပြိုင်ပွဲကြီးကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာ့လက်ဆောင် ပစ္စည်းများကို လျှော့ဈေးပေးကာ အထူးတလည် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့တော်ထွန်းရည်**

✱ စာမျက်နှာ ၆ မှ

### ဘယ်တော့ တိုးတက်မှုရပ်မလဲ

လေ့ကျင့်ခန်းမလုပ်တော့တဲ့ အချိန်ကစပြီး တိုးတက်မှု ရပ်သွားပါတယ်။ No stimulus shrinks the brain လို့ ဆိုပါတယ်။ လှုံ့ဆော်မှု မရှိတော့ရင် ဦးနှောက်ဟာ မဖွံ့ဖြိုးတဲ့အပြင် ကျုံ့သွားပါတယ်။ ကြွက်သားတွေကလည်း တစ်နေ့ကို တစ်ရာခိုင်နှုန်းကနေ သုံးရာခိုင်နှုန်းအထိ အားလျော့သွားပါတယ်။

### ဘယ်လောက်ကြာကြာ လေ့ကျင့်ကုသရမလဲ

လေဖြတ်ဝေဒနာရှင် အများစုက ဖီဆီအိုသရပီ အကြောအဆစ်ကုပညာရှင်ကို ပြရမယ်။ ကုသရမယ်ဆိုတာ မသိကြပါဘူး။ တချို့လည်း တစ်ကြိမ်တစ်ခါလောက်၊ ဒါမှမဟုတ် နည်းနည်းလှုပ်နိုင်တာနဲ့ ဆက်မကုကြတော့ပါဘူး။ စိတ်ရှည် လက်ရှည်နဲ့ ကုတဲ့သူနည်းပါတယ်။ တချို့ရောဂါတွေဟာ တစ်သက်လုံး သက်ဆိုင်ရာ ဆရာဝန်နဲ့ အမြဲပြနေရပြီး ဆေးသောက် ဆေးထိုးလုပ်ကြရပါတယ်။ ၄၀ ရာခိုင်နှုန်းသော ဝေဒနာအနည်းနဲ့အများ ကျန်နေသူတွေကတော့ အကြောအဆစ်ကုပညာရှင်တွေနဲ့ လုံးဝကောင်းသည်အထိ၊ အတိုင်းအတာတစ်ခု ကောင်းသည်အထိ၊ ကိုယ်ရည်ရွယ်တဲ့ အဆင့်အထိ ရောက်အောင်၊ ပိုဆိုးမသွားအောင်၊ ရပ်မသွားအောင် ဆွေးနွေးတိုင်ပင်ပြီး ကုသဖို့ လိုပါတယ်။ အမြဲလေ့ကျင့်ကုသဖို့ လိုပါတယ်။

### ကာကွယ်ရေး

ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းပါတယ် (Preventing is better than cure)၊ လေဖြတ်တာကို ကာကွယ်ဖို့ဆိုရင် ဖြတ်တတ်တဲ့အကြောင်းအရာတွေကို သိဖို့လိုပါတယ်။ တစ်နည်းအားဖြင့် ဦးနှောက်သွေးကြောမပိတ်အောင်၊ မပေါက်အောင် ကာကွယ်ဖို့ လိုပါတယ်။ လေဖြတ်စေတဲ့ အကြောင်းများကတော့ နှလုံးနဲ့ သွေးကြောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးထဲမှာ မကောင်းတဲ့ အဆီတွေများခြင်း၊ အဝလွန်ခြင်း၊ လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာ၊ အရက်အလွန်အကျွံသောက်ခြင်း၊ ပဋိသန္ဓေတားဆေးများ၊ ဇက်ချိုးခြင်း၊ အသက်အရွယ်ကြီးလာခြင်း စသည်တို့ ဖြစ်ပါတယ်။

နှလုံးရောဂါကြောင့် ဦးနှောက်မှာ သွေးခဲပိတ်တတ်ပါတယ်။ သွေးကြောကျဉ်းနေရင်လည်း သွေးအရောက်နည်းပြီး လေဖြတ်တတ်သလို ဦးနှောက်ထဲရှိ တချို့သော သွေးကြောတွေဟာ ပါးပြီး ဖောင်းနေတတ်ပါတယ်။ ပုံမမှန်တဲ့ သွေးကြောထုံးခြင်းကြောင့်လည်း သွေးကြောပေါက်တတ်ပါတယ်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတို့ကြောင့်လည်း လေဖြတ်တတ်ပါတယ်။ ဒါကြောင့် တတ်ကျွမ်းတဲ့ သက်ဆိုင်ရာဆေးပညာရှင် ဆရာဝန်တွေနဲ့ ကုသဖို့လိုပါတယ်။ မျိုးရိုးထဲမှာ သွေးတိုး၊ ဆီးချိုရောဂါရှိသူတွေအနေနဲ့ ဂရုပြုဖို့ လိုပါတယ်။ သွေးမတိုးအောင်၊ ဆီးချိုမတက်အောင် ဂရုစိုက်ဖို့ လိုပါတယ်။ သွေးထဲမှာ မကောင်းတဲ့ အဆီတွေ များနေရင် အဆီလျှော့စားဖို့ လိုပါတယ်။ အဝလွန်တဲ့ လူတွေကတော့ ကာဗိုဟိုက်ဒရိတ်များတဲ့ အစားအစာတွေ ချို၊ ဆိမ့်တဲ့ အစာတွေ လျှော့ဖို့ လိုပါတယ်။ လှုပ်ရှားမှုနည်းတဲ့ လူတွေမှာလည်း ရောဂါမျိုးစုံဝင်တတ်သလို လေဖြတ်တတ်လို့ နေထိုင်မှုပုံစံပြောင်းဖို့ လိုပါတယ်။ လှုပ်ရှားသွားလာဖို့ လေ့ကျင့်ခန်းတွေလုပ်ဖို့ လိုပါတယ်။ စာရေးသူရဲ့ ဆောင်ပုဒ်ကတော့ များများ စား၊ များများ ရောဂါဖြစ်၊ များများ ဝေဒနာခံစား၊ မြန်မြန်သေတတ်ပါတယ်။ ဒ့ါပြင် လူပျင်းများ မြန်မြန်သေတတ်ပါတယ်။

ဆေးလိပ်သောက်တဲ့ သူတွေ၊ ကွမ်းယာမှာ ဆေးထည့်စားသူတွေဟာ သွေးကြောကျဉ်းရောဂါဖြစ်ပြီး လေဖြတ်တတ်ပါတယ်။ ဒါကြောင့် ဆေးလိပ်နဲ့ ကွမ်းယာကို ရှောင်ဖို့ လိုပါတယ်။ ဒ့ါပြင် အရက်အလွန်အကျွံသောက်ခြင်း၊ မူးယစ်ဆေး သုံးစွဲခြင်း၊ တချို့သော ပဋိသန္ဓေတားဆေးများကို ကြာရှည်စွာသောက်ခြင်းတို့ကို ရှောင်ကြဉ်ဖို့ လိုပါတယ်။

လည်ပင်းကျိုးပေါင်းတက်ပြီး သွေးကြောပိနေချိန်၊ သွေးကြောမာပြီးတင်းနေချိန်မှာ အလွန်အကျွံ ဇက်ချိုးခြင်းတွေလုပ်ရင် သွေးကြောဒဏ်ရာရပြီး လေဖြတ်တတ်ပါတယ်။ ဒါကြောင့် ဇက်ချိုးတဲ့ အလေ့အကျင့်ကို ရှောင်ဖို့ လိုပါတယ်။

အသက်အရွယ်ကြီးလာလေ လေဖြတ်နှုန်းက များလာလေပါ။ အသက် ၅၅ နှစ်ကျော်လျှင် လူငယ်တွေ လေဖြတ်တာထက် နှစ်ဆပိုပါတယ်။

နိဂုံးချုပ်အနေနဲ့ လူတစ်ယောက်လေဖြတ်သွားပြီဆိုရင် အလုပ်မလုပ်နိုင်တော့ဘူး၊ ပြုစုရတဲ့ မိသားစုတွေမှာလည်း အလုပ်အကိုင်ပျက်ပါတယ်။ အားလုံး စိတ်ဆင်းရဲရ၊ စိတ်ပူရပါတယ်။ အလုပ်မလုပ်နိုင်တဲ့အတွက် ဝင်ငွေလျော့သွားမယ်၊ ဆေးကုရတဲ့အတွက် ထပ်ပြီး ငွေကုန်ပါသေးတယ်။ နိုင်ငံတော်အတွက်လည်း လုပ်အားတွေ ဆုံးရှုံးရသလို၊ နိုင်ငံခြားမှ ဆေးတွေဝယ်ရတဲ့အတွက် နိုင်ငံခြားငွေကုန်ပါတယ်။ အမေရိကန်နိုင်ငံမှာ လေဖြတ်သူတွေအတွက် ကုန်ကျငွေဟာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်ပါတယ်။ ဒါကြောင့် လေဖြတ်ရောဂါမဖြစ်အောင် ကာကွယ်ဖို့ အရေးကြီးပါတယ်။ လေဖြတ်စေတတ်တဲ့ ရောဂါတွေ မဖြစ်အောင်လုပ်၊ ဖြစ်နေရင်လည်း တတ်ကျွမ်းတဲ့ ဆေးပညာရှင်တွေနဲ့ ကုသဖို့ လိုပါတယ်။ ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ်ဆေးတွေ ရှောင်ရပါမယ်။ အရက်အလွန်အကျွံ မသောက်ဖို့လိုသလို အဆီများတဲ့ အစားအစာ အချိုအဆိမ့်နဲ့ ကာဗိုဟိုက်ဒရိတ်များတဲ့ အစားအစာတွေကို ဆင်ခြင်ဖို့ လိုပါတယ်။ အသက်အရွယ်အလိုက်၊ မိမိမှာရှိတဲ့ ရောဂါအခြေအနေအရ ကိုယ်လက်လှုပ်ရှားတဲ့ လေ့ကျင့်ခန်းတွေ လုပ်ဖို့လိုပါတယ်။ လေ့ကျင့်ခန်းသည် ရောဂါကို ကာကွယ်သည်၊ ကုသပေးသည်၊ ကောင်းသထက် ကောင်းစေပါသည်။

ဦးနှောက်သွေးကြောပိတ်လို့ လေဖြတ်ရင် သုံးနာရီအတွင်း ဆေးရုံရောက်ဖို့လိုပါတယ်။ သွေးကြောပေါက်ရင်တော့ မြန်မြန်ဆေးရုံရောက်ဖို့ လိုပါတယ်။ နောက်ကျလေ ဦးနှောက်ဆဲလ်တွေ ပျက်စီးလေဖြစ်ပါတယ်။ လေဖြတ်သွားပြီဆိုရင်လည်း စိတ်ဓာတ်မကျပါနှင့်။ သက်ဆိုင်ရာ ဆေးပညာရှင် ဆရာဝန်နဲ့ အမြန်ဆုံးကုသဖို့ လိုသလို ဖီဆီအိုသရပီ အကြောအဆစ်ကုပညာရှင်တွေနဲ့လည်း ကုသဖို့လိုပါကြောင်း တင်ပြလိုက်ပါတယ်။ ။

### ❂ သဘာဝအရင်းအမြစ်များမှ

မြန်မာနိုင်ငံကို လာရောက်ကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသာမက ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း ယင်းအချက်ကို ထောက်ခံပြောဆိုမှုများရှိသည်ကို ကြားသိနေရပါကြောင်း၊ သို့သော်မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် မျှော်မှန်းထားသည့်အရေအတွက်ထက် များစွာနည်းပါးနေသေးသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို ၂၀၁၆ ခုနှစ်တွင် ပြည်ပခရီးသွား ဧည့်သည် ၂ ဒသမ ၉ သန်းကျော်လာရောက်ခဲ့ပြီး ယခု ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်အထိ ပြည်ပခရီးသွားဧည့်သည် ၃ ဒသမ ၁ သန်းလာရောက်ခဲ့ခြင်းကြောင့် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းတိုးတက်လာသည်ကို သိရှိရပါကြောင်း၊ ယင်းသို့ တိုးတက်မှုနည်းပါးနေခြင်းကို လက်ရှိတိုးတက်နေသည့် အရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင်ရန် မိမိတို့အားလုံး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### ပိုမိုစိတ်ဝင်စားအောင်

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်အများဆုံးလာရောက်သည့် နိုင်ငံများကို ကြည့်ပါက အာရှနိုင်ငံများမှ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှဖြစ်ပြီး အမေရိကနှင့် ဥရောပနိုင်ငံများမှ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်၊ဂျာမနီနိုင်ငံများဖြစ်သည်ကိုတွေ့ရပါကြောင်း၊ ယင်းနိုင်ငံများကို အထူးရည်မှန်းချက်ထားပြီး ဧည့်သည်ပိုမိုလာရောက်ရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ခရီးသွားဧည့်သည်လာရောက်မှု နည်းသော်လည်း အလားအလာကောင်းသည့်နိုင်ငံများ ရွေးထုတ်ပြီး မြန်မာနိုင်ငံကို ပိုမိုစိတ်ဝင်စားအောင် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဆိုပါက ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု တိုးတက်လာမည်ဖြစ်ပါကြောင်း။

### ဈေးကွက်မြှင့်တင်ရန်လိုအပ်

မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည် အများအပြားလာရောက်ရန် မြန်မာနိုင်ငံသည် လည်ပတ်ချင်စရာကောင်းသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို ကမ္ဘာက ပိုမိုသိရှိအောင် ဈေးကွက်မြှင့်တင်ရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်သည့်အခါတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ပုံမှန်ရှိပြီးသား ခရီးစဉ်ဒေသများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုပါကြောင်း၊ ခရီးစဉ်အသစ်များ၊ ဆွဲဆောင်မှုအသစ်များ ဖော်ထုတ်ကြရန်နှင့် ဖော်ထုတ်သည့်နေရာတွင် သဘာဝအရင်းအမြစ်များကို ဖော်ထုတ်ခြင်းအပြင် တီထွင်ဖန်တီးမှုများနှင့်ပါ ပေါင်းစပ်လိုက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအတွက် လည်ပတ်စရာများ၊ လေ့လာစရာများ များပြားကာ ရက်ကြာကြာနေထိုင်ပြီး ငွေကြေးပိုမိုသုံးစွဲကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ညှိနှိုင်းပေါင်းစပ်

ထို့ပြင် ဒုတိယသမ္မတက ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်သည့်နေရာတွင် Accessibility ခေါ်သည့် သွားလာမှု လွယ်ကူစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကောင်းမွန်စွာတည်းခိုနေထိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးနိုင်ရေးသည် အရေးကြီးသကဲ့သို့ သန့်ရှင်းကောင်းမွန်သည့် သန့်စင်ခန်းများ ထားရှိရေးသည်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များစိတ်ချမ်းမြေ့စွာ လည်ပတ်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းအောင်မြင်တိုးတက်မှုကို အားဖြည့်သည့် အကြောင်းအရာများကို ကြည့်လျှင် အဓိက လေဆိပ်ဝင်ပေါက်များတွင် ဆိုက်ရောက် ဗီဇာထုတ်ပေးမှုစနစ် ပြုလုပ်ပေးနိုင်ခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်ဆင်းသက်နိုင်ခြင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေးအတွက် ဈေးကွက်အဖြစ် သတ်မှတ်သည့်နိုင်ငံများကို ဗီဇာကင်းလွတ်ခွင့်ပေးခြင်းစသည်ဖြင့် ထူးခြားစွာ စီစဉ်ဆောင်ရွက်ပေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

### ဝိုင်းဝန်းချေဖျက်

ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ် သက်ရောက်မှုရှိသည့်အတွက် အစိုးရဌာနအချင်းချင်းသာမက အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ပုံရိပ်ပေါ်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် များစွာမှီတည်နေပါကြောင်း၊ နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေမည့် သတင်းအချက်အလက်များ ထွက်ပေါ်လာပါက ခရီးသွားလုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းချေဖျက်ရန်လိုပါကြောင်း၊ သတင်းအမှားများ မပြန့်ပွားအောင် ပူးပေါင်းတားဆီးရန်လိုပါကြောင်း။

### ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း

မကြာသေးမီက ပြုလုပ်ခဲ့သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပခဲ့ရာ“Sustainable Tourism, a Tool for Development” ဟူသော ဦးတည်စာသားဖြင့် ကျင်းပရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးခဲ့ပါကြောင်း၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်သည်ကို ပြသရန် သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်ကို ငြင်းပယ်၍မရပါကြောင်း။

### အကြံပြုပေးကြစေလို

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားဧည့်သည် များစွာလာရောက်ရန် လိုအပ်သကဲ့သို့ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကိုလည်း သတိပြုဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနှံ့အပြားတွင် တည်ရှိနေသည့်အတွက် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လက်တွေ့ကျကျဆောင်ရွက်မည့် အစီအမံများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြပေးရန် လိုအပ်ပါကြောင်း၊ ထို့အတူ ဝန်ကြီးဌာနများကလည်း ကူညီပံ့ပိုးပေးရန်နှင့် ဝန်ကြီးဌာနအကြံပေးအထောက်အကူပြု အဖွဲ့ဝင်များကလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြဆွေးနွေးပေးကြပါရန်နှင့် အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားဒေသများဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က အမျိုးသားခရီးသွားမူဝါဒ ထုတ်ပြန်ကြေညာရေး၊ ခရီးသွားလုပ်ငန်းဥပဒေအသစ် (မူကြမ်း) တွင် လွှတ်တော် (ဥပဒေကြမ်းကော်မတီ)မှ ထပ်မံဖြည့်စွက်ချက် ခွင့်ပြုနိုင်ရေး၊ ယစ်မျိုးဥပဒေတွင် အရက်လိုင်စင်ခွင့်ပြုရန်ကိစ္စ၊ ခရီးသွားအခွန်ပြဌာန်းရေးကိစ္စ၊ ကမ္ဘာလှည့် ခရီးသည်များအား ဆိုက်ရောက်ဗီဇာနှင့် ဗီဇာအထူးခွင့်ပြုပေးနိုင်ရေး၊ E-Tourism Working Group ဖွဲ့စည်းခွင့်ပြုရေးတို့နှင့် စပ်လျဉ်းသည့် မူဝါဒဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

### ပိုမိုဝင်ရောက်လာစေရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ကမ္ဘာလှည့် ခရီးသည်များ ပိုမိုဝင်ရောက်လာစေရေး၊ ခရီးသွားဒေသများထိန်းသိမ်းထားရှိမှုများနှင့် ခရီးသွားများကို ပိုမိုစိတ်ဝင်စားမှု ရှိလာစေရေးအတွက် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပေးလိုသည့်လိုအပ်ချက်များ၊ ဖြေလျှော့ပေးစေလိုသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် ရန်ပုံငွေလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ နယ်စပ်ဒေသ ခရီးသွားဝင်ပေါက်များ ဖွင့်လှစ်ပေးရေးနှင့် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့အား ဗီဇာကင်းလွတ်ခွင့်ပေးရေးနှင့် စပ်လျဉ်း၍ ခွင့်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

### တိုက်တွန်းပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ယနေ့ဆွေးနွေးချက်များသည် အပြုသဘောဆောင်ပြီး အားရကျေနပ်ဖြစ်ရပါကြောင်း၊ နိုင်ငံတော်အတွက် အရင်းအနှီးအနည်းဆုံးဖြင့် အချိန်တိုအတွင်း နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေပေးနိုင်သည့်လုပ်ငန်းမှာ ခရီးသွားလုပ်ငန်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရီးသွားအရင်းအမြစ် အများအပြားရှိပါကြောင်း၊ ယင်းအရင်းအမြစ်များကို နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သော (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ည ၇ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max Hotel ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အောင်ပွဲများရရှိစေရန် ကြိုးစားဆောင်ရွက်ခဲ့ပုံများအား ရှင်းလင်းပြောကြား၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အလှူငွေကျပ်သိန်း ၂၀၀၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က အလှူငွေကျပ်သိန်း ၃၀၊ နေကြယ်ဦး ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးခွန်ရဲမင်းကိုကိုက အလှူငွေကျပ် သိန်း ၃၀၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဝမင်းကုမ္ပဏီဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက အလှူငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်က အလှူငွေကျပ် ၂၅ သိန်းတို့ကို အသီးသီးပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် OK စက်သုံးဆီရောင်းဝယ်ရေးမှ ဦးသန့်ဇော်လင်းက အလှူငွေကျပ် ၁၀ သိန်း၊ SI Group Of Companies မှ ဗိုလ်မှူးကြီး သိန်းဌေး(ငြိမ်း)နှင့် ဇနီး ဒေါက်တာမြသီတာတို့က အလှူငွေကျပ် သိန်း ၂၀၊ ဂါမဏိကားအရောင်းပြခန်းမှ ဦးဇော်မြင့်နှင့်ဇနီး ဒေါ်မိုးသက်ခိုင်တို့က အလှူငွေကျပ် ၁၀ သိန်း၊ Zabu Kyawe Construction Co.,Ltd. မှ ဦးကျော်လင်းဒါနှင့် ဇနီး ဒေါ်မိုးလှုံ့ခတို့က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ရာ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက လက်ခံရယူပြီး UMG Group of Companies ဥက္ကဋ္ဌ ဒေါ်မာလာဝင်းက အလှူငွေကျပ် ငါးသိန်း၊ ငွေဗျိုင်းဖြူ စက်သုံးဆီရောင်းဝယ်ရေးကုမ္ပဏီမှ ဒေါ်တင်လတ်မင်းက အလှူငွေကျပ် ငါးသိန်း၊ ဖိုးရာဇာကုမ္ပဏီမှ ဒေါ်နီနီစိုးက အလှူငွေကျပ် ငါးသိန်း၊ GGG Group မှ ဒေါက်တာတင်အောင်လင်းက အလှူငွေကျပ် ငါးသိန်းတို့ကို အသီးသီးပေးအပ်ရာ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲဝင့်သူက လက်ခံရယူသည်။ ထို့ပြင် MKT Construction Group of Companies မှ ဦးမျိုးမြင့်က အလှူငွေကျပ် ငါးသိန်း၊ Than & Min ဆောက်လုပ်ရေးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးကျော်ဌေးက အလှူငွေကျပ် ငါးသိန်း၊ ရွှေပြည်ဝင်းဝင်းကုမ္ပဏီမှ ဦးလှဌေးက အလှူငွေကျပ် ငါးသိန်း၊ Awesome ကုမ္ပဏီမှ ဦးခိုင်မြဲမိုးအောင်က အလှူငွေကျပ် နှစ်သိန်းတို့ကို အသီးသီးပေးအပ်ရာ မြန်မာနိုင်ငံ သေနတ်ပစ်အားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးအိအိဝင်းက လက်ခံရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ပစ္စတိုနည်းပြ ဆရာထောင်ခန့်ခိုင်းအား ငွေကျပ် ၁၅ သိန်းနှင့် ဆရာများကိုယ်စား ပစ္စတိုနည်းပြ ဆရာကျော်ညီညီအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။



အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က မီတာ(၅၀)ဝမ်းလျားမှောက် ရိုင်ဖယ်အမျိုးသားပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသော ကောင်းထိုက်အား ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက မီတာ (၅၀) စိတ်ကြိုက်ပစ္စတိုနှင့် (၁၀)မီတာ အမျိုးသားလေပစ္စတိုပြိုင်ပွဲတွင် ကြေးတံဆိပ် နှစ်ခုရရှိခဲ့သော ကျော်စွာဝင်းအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက (၁၀)မီတာလေပစ္စတို အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော မေပိုးဝါအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တွင် ကျင်းပသည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းမှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၀)ဗိုလ်လောင်း ခင်လပြည့်အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီး စစ်မှုထမ်းအရာရှိများအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် ကြည်း၊ ရေ၊ လေ၊ ရုံးဌာနများ အပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိနေကြကြောင်း၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မှဆင်းသည့် အမျိုးသမီးအရာရှိတချို့သည် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) သင်တန်းများကို တက်ရောက်အောင်မြင်ပြီးဖြစ်သကဲ့သို့ တပ်မတော်(လေ) အမျိုးသမီးအရာရှိတချို့သည်လည်း လေသူရဲလောင်းများအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း သင်တန်းကျောင်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် ဘာသာရပ်များနှင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများကို အခြေခံပြီး ပေးအပ်လာမည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲ၏



အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းခင်လပြည့်၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်းဇာခြည်ထွန်းနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင် အကြီးဆုံး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု တည်ဆောက်မည်

**မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၌ မြန်မာနိုင်ငံတွင် အကြီးဆုံး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု တည်ဆောက်နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိနေရာ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။**

**မေး။ နေပြည်တော် သပြေကုန်းအဝိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ဆောက်ဖို့ ဘယ်လို စိတ်ကူးတွေ စတင်ရရှိခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ နေပြည်တော်မှာ ဗိုလ်ချုပ်ကြေးရုပ်ရှိစေချင်တယ်ဆိုတဲ့ ပြည်သူတွေရဲ့ဆန္ဒကိုလည်း သိရတယ်။ နေပြည်တော်မှာ လမ်းဆုံအဝိုင်းပေါင်း ၁၄ ဝိုင်း ရှိတယ်။ အဲဒီမှာ ပန်းနာမည်တွေနဲ့ ပန်းရုပ်တုတွေရှိကြတယ်။ သပြေကုန်းအဝိုင်းမှာတော့ ထူးထူးခြားခြား ဘာရုပ်တုမှမရှိဘူး။ အဲဒီမှာ ပြည်သူတွေရဲ့ဆန္ဒနဲ့အတူ ကျွန်တော်တို့လည်း ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှိရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ ဆန္ဒတွေ ပေါ်ပေါက်လာပါတယ်။ ကျွန်တော်တို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်တွေဆိုတာကလည်း ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူက ရွေးချယ်ထားတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူရဲ့ဆန္ဒနဲ့ ထပ်တူကျတဲ့ နေပြည်တော် သပြေကုန်းအဝိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ဆောက်ဖို့ စိတ်ကူးတွေ စတင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

**မေး။ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ တည်ဆောက်မယ်ဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကို ရည်ရွယ်ချက်(၃)ခုနဲ့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ပထမရည်ရွယ်ချက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော် ပြည်ထောင်စုနယ်မြေမှာ လွတ်လပ်ရေးဖခင်၊ တပ်မတော်ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု တစ်ခု ဝင့်ကြွားစွာတည်ရှိစေဖို့၊ ဒုတိယရည်ရွယ်ချက်က ဗိုလ်ချုပ်အောင်ဆန်းရဲ့ စွန့်လွှတ်စွန့်စား အနစ်နာခံမှုတွေကို နောင်လာနောက်သားတွေ အစဉ်အမြဲ အောက်မေ့သတိရ တန်ဖိုးထားစေဖို့နဲ့ လေးစားဂုဏ်ယူ အားကျအတုယူလာစေဖို့ဖြစ်ပြီး တတိယရည်ရွယ်ချက်ကတော့ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့တဲ့ ခွင့်တူညီမျှတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာနိုင်ဖို့အတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်လာစေဖို့ ဖြစ်ပါတယ်။

**မေး။ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တည်ဆောက်ဖို့ ဘယ်လိုကော်မတီတွေ ဖွဲ့စည်းထားတယ်ဆိုတာကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုဖြစ်မြောက်ရေးကော်မတီကို နာယက(၄)ဦးပါဝင်တဲ့ အဖွဲ့ဝင် ၂၃ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ နာယကတွေက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းထိန်တို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကတော့ ကျွန်တော် ဦးမင်းသူဖြစ်ပြီး ဒုတိယဥက္ကဋ္ဌတွေကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က တွဲဖက်အတွင်းရေးမှူးဖြစ်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဦးမြင့်ဆွေက အတွင်းရေးမှူး ဖြစ်ပါတယ်။ နောက်ထပ် ဆပ်ကော်မတီ(၅)ခုဖွဲ့စည်းထားပါတယ်။ အဲဒါတွေက တည်ဆောက်ရေးကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ စည်းရုံးလှုံ့ဆော်ရေးကော်မတီနဲ့ လုပ်ငန်းတည်ဆောက်မှုဆိုင်ရာ စစ်ဆေးရေးကော်မတီတွေ ဖြစ်ပါတယ်။

**မေး။ နေပြည်တော်မှာ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ဆောက်ဖို့ သပြေကုန်းအဝိုင်းကို ဘာကြောင့် ရွေးချယ်ရပါသလဲခင်ဗျာ။**

ဖြေ။ နေပြည်တော်မှာရှိတဲ့ လမ်းဆုံအဝိုင်းတွေက ပန်းနာမည်တွေနဲ့သတ်မှတ်ထားတယ်။ သပြေကုန်းအဝိုင်းမှာတော့ ပန်းအမည်နဲ့ ကိုယ်စားပြုအကောင်အထည်ဖော်နိုင်တာမရှိသေးပါဘူး။ သပြေကုန်းအဝိုင်းဟာ နေပြည်တော်ရဲ့ အလယ်ဗဟိုဖြစ်ပြီး Land Mark လည်းဖြစ်တယ်။ သပြေကုန်းအဝိုင်းကို နိုင်ငံတကာက သံတမန်တွေ၊ ဧည့်သည်တွေအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူတွေအများဆုံး ဖြတ်သန်းသွားလာကြတယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ကျေးဇူးရှင် လွတ်လပ်ရေးဖခင်ကြီးရုပ်တုကို အဲဒီလို အထင်ကရ နေရာမှာ တည်ဆောက်ရင်ကောင်းမယ်ဆိုတဲ့ ပြည်သူ့အသံတွေကိုလည်း ကြားရတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒနဲ့ ထပ်တူဖြစ်စေမယ့် သပြေကုန်းအဝိုင်းမှာ တည်ဆောက်ဖို့ရွေးချယ်ရခြင်းဖြစ်ပါတယ်။

**မေး။ တည်ဆောက်မယ့် ဗိုလ်ချုပ်ကြေးရုပ်ရဲ့အတိုင်းအတာတွေကို သိလိုပါတယ်။**

ဖြေ။ ဗိုလ်ချုပ်ကြေးရုပ်ကို အောက်ခံအုတ်ခုံ ၁၅ ပေ၊ မြင်းစီးရုပ်တု ၁၈ ပေ စုစုပေါင်းအနိမ့်ဆုံးအမြင့် ၃၃ ပေနဲ့ တည်ဆောက်မယ်လို့ ဗိသုကာပညာရှင်တွေက တွက်ချက်ထားပါတယ်။ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ရဲ့ မြင်းခေါင်းက အရှေ့ဘက် ပျဉ်းမနားဘက်၊ မြင်းရဲ့အမြီးပိုင်းက အနောက်ဘက် တောင်ညိုဘက်ဖြစ်ပြီး ဗိုလ်ချုပ်ရဲ့မျက်နှာက တောင်ဘက်လှည့်မှာဖြစ်ပါတယ်။ ကြေးပိဿာချိန် ၇ တန်လောက် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဗိုလ်ချုပ်ကြေးရုပ်တွေထဲမှာ အကြီးဆုံး ဖြစ်ပါမယ်။

**မေး။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ကို ဘယ်အချိန်ကာလမှာ စတင်တည်ဆောက်ပြီး ဘယ်ကာလမှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါသလဲ။ ငွေကြေး ဘယ်လောက်အထိ ကုန်ကျမယ်လို့ ခန့်မှန်းထားပါသလဲ။**

ဖြေ။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် ပုံလောင်းတဲ့အဆင့်က ၂၀၁၈ နှစ်ဦးပိုင်းဆိုရင် စတင်ပြီလို့ ပြောလို့ရပါတယ်။ ငွေကြေးကုန်ကျမှုနဲ့ အချိန်ကိုကန့်သတ်ချက်မထားပါဘူး။ လျာထားချက်အရ ကျပ် သိန်း ၂၀၀၀ ဝန်းကျင် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီထက်လည်းပိုသွားနိုင်ပါတယ်။ ကုန်ကျစရိတ်ကို ပြည်သူတွေထည့်ဝင်ငွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ဆန္ဒအတိုင်း ပြည်သူတွေပါဝင်မှုနဲ့ပဲ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုကို တည်ဆောက်သွားမှာဖြစ်ပါတယ်။

**မေး။ ဗိသုကာပညာရှင်ရဲ့ အမည်ကိုလည်း သိပါရစေ။**

ဖြေ။ ဗိသုကာပညာရှင်ရဲ့အမည်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က အငြိမ်းစား ပါမောက္ခ ဒေါက်တာဦးမြင့်စံ ဖြစ်ပါတယ်။ သူ့ရဲ့ထင်ရှားတဲ့ လက်ရာကို ပြရရင် နေပြည်တော်စစ်ရေးပြကွင်းကြီးမှာရှိတဲ့ မင်း ၃ ပါးရုပ်တုတွေ ဖြစ်ပါတယ်။

**မေး။ နေပြည်တော် သပြေကုန်းအဝိုင်းမှာ တည်ဆောက်မယ့် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်အတွက် လှူဒါန်းချင်တယ်ဆိုရင် ဘယ်ကို ဘယ်လိုလှူဒါန်းရမယ်ဆိုတာကို သိပါရစေ။**

ဖြေ။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေအနေနဲ့



ဦးမင်းသူ

နေပြည်တော်မှာ တည်ဆောက်မယ့် ဗိုလ်ချုပ်ကြေးရုပ်အတွက် လှူဒါန်းချင်တယ်ဆိုရင် ဘဏ္ဍာရေးဆပ်ကော်မတီက ဦးမောင်မောင်ဆွေ ဖုန်း-၀၉ -၇၉၇၆၃၇၇၉၃၂၊ ဦးနေလင်း ဖုန်း-၀၉-၄၃၀၃၈၄၈၂၊ ဦးနေလင်းထိုက် ဖုန်း-၀၉-၅၅၈၈၄၄၄ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပြီး ဘဏ်အကောင့်တွေဖြစ်တဲ့ ကမ္ဘောဇဘဏ်ရဲ့ ၀၈၄-၃၀၃-၀၈၄၀၁၀၇၈၇၀၁ KANBAWZA (NPT-2)အကောင့်၊ CB Bank ရဲ့ ရာဇဌာနီဘဏ်ခွဲ ၀၀၆၄၆၀၀၁၀၀၀၀၆၅၂၇၇ အကောင့်နဲ့ မြန်မာ့စီးပွားရေးဘဏ် ပျဉ်းမနားဘဏ်ခွဲရဲ့ CF.003456 အကောင့်တွေကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ တစ်ဦးချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ နည်းများမဆို ထည့်ဝင်လှူဒါန်းနိုင်ပါတယ်။ လှူဒါန်းငွေတွေနဲ့ပတ်သက်လို့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းကို တိတိကျကျ လိုက်နာကျင့်သုံးသွားပါမယ်။ စာရင်းစစ်နဲ့တကွ တင်ပြနိုင်၊ အစစ်ဆေးခံနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မင်းမင်းဇော်၊ မွေးကြူဇင်**

# ရခိုင်ပြည်နယ်သတင်း

## ပြန်လည်လက်ခံရေးစခန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာများ စနစ်တကျ တည်ဆောက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ရခိုင်ပြည်နယ် မောင်တောဒေသတွင် ပြန်လည်လက်ခံရေးစခန်းများနှင့် ကျေးရွာများ စနစ်တကျ တည်ဆောက်နေမှုတို့ကို ကြည့်ရှုရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောဒေသရှိ တောင်ပြိုလက်ဝဲ လက်ခံရေးစခန်းသို့ ရောက်ရှိကြကာ လက်ခံရေးစခန်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှု၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မြို့တိုင်းရင်းသားများနေထိုင်ရန် ပြန်လည်နေရာချထားပေးမည့် သစ်တုံးနားဂွဆုံကျေးရွာနှင့် ဟိန္ဒူဘာသာဝင်များကို ပြန်လည်နေရာချထားမည့် အိုးထိန်းကျေးရွာတို့တွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုခြေအနေနှင့် ဒေသခံ မြို့တိုင်းရင်းသားများ၏ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းကာ နေအိမ်များကို အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံး ဆောက်လုပ်ပေးနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားသူများ ရေလမ်းခရီးမှ ပြန်လည်ဝင်ရောက်လာပါက လက်ခံနိုင်ရေးအတွက် စခန်းတည်ဆောက်မည့် ငါးခူရကျေးရွာတွင် လူနေအဆောက်အအုံများ တည်ဆောက်နေမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိနေမှုအခြေအနေများကို ကြည့်ရှုပြီး ယာယီနေထိုင်ရန် ကြားစခန်းတည်ဆောက်မည့် လှဖိုးခေါင်ကျေးရွာရှိ သတ်မှတ်မြေနေရာများကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ခရီးစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်၊ ရဲမှူးချုပ်မြဝင်း၊ UNHCR မှ လက်ထောက်ဌာနေကိုယ်စားလှယ် Ms. Cacile Srado နှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ နှစ်နိုင်ငံသဘောတူစာချုပ်အရ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တိမ်းရှောင်သွားသူများကို စိစစ်၍ ပြန်လည်လက်ခံရေး၊ နေရာချထားရေး လုပ်ငန်းစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ နောက်ဆုံးပတ်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းနှင့် ဆတ်ရိုးကျတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း၊ ဆတ်ရိုးကျတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တံတားဦးစီးဌာန တည်ဆောက်ရေး (၂) တံတားအထူးအဖွဲ့ (၈)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆတ်ရိုးကျတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စစ်တွေမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် အဆောက်အအုံဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဌာနမှ ဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပထမဆုံးအကြိမ် ကျင်းပသည့် ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ခရစ်ယာန်တွေအနေနဲ့ ခရစ္စမတ်ပွဲတော်ကို ခရစ်တော်ကြွလာခြင်းရဲ့ အနှစ်သာရဖြစ်တဲ့ ငြိမ်းချမ်းခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်းများနဲ့ ကျင်းပခွင့်ပေးတဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့တကွ အလှူရှင်တွေ၊ အနုပညာရှင်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်ကျင်းပရေးကော်မတီဝင် Fr. ဒေါမနစ်သက်တင်က ပြောသည်။




အဆိုပါ ပွဲတော်ကို ရန်ကုန်မြို့ပြရှိ အသင်းတော်များ၏ ခေါင်းဆောင်များပါဝင်သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပံ့ပိုးကူညီပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ပွဲတော်ကို ခရစ်ယာန်ဘာသာဝင်တို့၏ ခရစ်တော်မွေးနေ့တော်ကို အခြားဘာသာဝင်များ သိရှိခံစားပြီး ဘာသာတရားများ၊ အချင်းချင်းငြိမ်းချမ်းရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းမေတ္တာကို ပြသနေခြင်းဖြစ်ပါတယ်၊ ဒီအချိန်မှာ ကျွန်တော်တို့အားလုံးက ဘုရားကျောင်းအသီးသီးကနေ စုပေါင်းပြီး အဲဒီသုံးရက်တာ ကာလမှာ ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုကြမယ်၊ ဘင်ခရာအဖွဲ့တွေလည်းရှိတယ်၊ တေးဂီတအဖွဲ့တွေလည်း ရှိတယ်၊ အသင်းတော်တွေက သီဆိုတဲ့ ခရစ္စမတ် တေးသံသာများကိုလည်း သီဆိုသွားမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီအစီအစဉ်ကို ကျွန်တော်တို့ ပျော်ရွှင်ဝမ်းမြောက်စွာနဲ့ ဆင်နွှဲမှာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ပွဲတော်ကျင်းပရေး ဗဟိုကော်မတီမှ Rev.ဦးတိုးတိုးက ပြောသည်။

ပွဲတော်ကာလအတွင်း ရွှေတိဂုံဘုရားလမ်းနှင့် သိမ်ဖြူလမ်းကြားရှိ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်တွင်လည်းကောင်း၊ ဇမာန္တေလ ဘုရားကျောင်းရှေ့ (မဟာဗန္ဓုလပန်းခြံ)နှင့် အလုံမြို့နယ် သခင်မြပန်းခြံတို့တွင်လည်းကောင်း၊ ဗိုလ်ချုပ်ဈေးအနီးရှိ ကသီဒြယ်နှင့် သိမ်ဖြူလမ်းပေါ်ရှိ ကသီဒြယ်နှစ်ခုကို အခြေပြုသည့် စတိတ်စင်များ တည်ဆောက်ပြီး ခရစ္စမတ်ဆိုင်ရာ အစီအစဉ်များလည်း တင်ဆက်သွားမည်ဖြစ်သည့်အပြင် လမ်းဘေး ဝဲ၊ ယာရှိ ခရစ္စမတ်သစ်ပင်များတွင် ခရစ္စမတ်၏ အနှစ်သာရကို ဖော်ကျူးသော လျှပ်စစ်ရောင်စုံမီးများ ထွန်းညှိထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးခြင်း၊ ခရစ္စမတ် တေးသီချင်းများ သီဆိုခြင်း၊ တေးသရုပ်ဖော်များ တင်ဆက်ခြင်း၊ ခရစ္စမတ်နှင့် သက်ဆိုင်သည့် သခင်ယေရှု ဖွားမြင်ခြင်း နိုပါတ်စဉ်များ ပြသခြင်း၊ ခရစ္စမတ်အကြောင်း သိကောင်းစရာများဝေမျှခြင်း၊ မေတ္တာစေတနာကို အခြေပြုသည့် အလှူဒါန ပေးကမ်းကျွေးမွေးခြင်းအဖြစ် ဘုရားကျောင်းများမှ စတုဒိသာဖြင့် ကျွေးမွေးခြင်းအပြင် ပွဲတော်သို့လာရောက်ဆင်နွှဲသည့်သူများကိုလည်း ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးဝေခြင်းတို့ ပြုလုပ်မည်ဖြစ်ပြီး နာမည်ကျော် တေးသံရှင်များကလည်း တေးသီချင်းများဖြင့် ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- သီသီမင်း**
**ဓာတ်ပုံ-အေးမင်းသူ**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အတွင်းဝန်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၂၁**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အတွင်းဝန် Mr. Yusuke.Matsuoka နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်သံရုံးမှ အတွင်းဝန် Mr. Yusuke. Matsuoka က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်း၊ အဆောက်အအုံ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနေမှုကို ဆွေးနွေးပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များအား အစိုးရကတိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်ပြီး ပါဝင်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ကျောင်းပေါင်း ၈၀ ဆောက်လုပ်လှူဒါန်းရန် လျာထားပြီး လက်ရှိတွင် ၁၆ ကျောင်း ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





## လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့များပေးအပ်ရန် တတိယအသုတ် စေတနာ့ဝန်ထမ်းလူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဒီဇင်ဘာ ၂၁**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်နိုင်ရေးအတွက် စေတနာ့ဝန်ထမ်းလူငယ်များသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ကစ္ဆပမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာသည်။

စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့တွင် အမျိုးသား ၃၀၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၄၆ ဦးပါဝင်ပြီး ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် မောင်တောဒေသသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတနာ့ဝန်ထမ်းလူငယ်များသည် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ကွင်းဆင်းကာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပြီး လူသားချင်းစာနာမှုထောက်ပံ့ပေးရေး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကော၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညှာ၊ ပညောင်ပင်ကြီးနှင့် ပန်းတောပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၈၀၄၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါဒလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံနှင့်နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၅၂၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုနှင့် ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၈၈၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ပုကွ၊ ဝင်းဇား၊ နရမ်း၊ နားပဲ့ချောင်းကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၅၀၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝနှင့် ဂါပု ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ဧက ၆၁၀ ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် အတွင်းရှိ င/ပြောက်ဆည်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ စုစုပေါင်း ဧက ၂၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ် အတွင်းရှိ လောင်းချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ စုစုပေါင်း ရှစ်ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ကန်သာယာ(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်နှင့် ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာများတွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၄၆ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခဲ့ကာ ဆိတ် ၇၀၇ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး
၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၁)ရက်မှ (၃၁)ရက်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

# ပင်လယ်ပြင်တွင် ကျားဖောင်များမျောပါ၍ ဖောင်လုပ်သားများ ပျောက်ဆုံး

**ဖျာပုံ ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ဒေါ်ညိမ်းကျေးရွာအုပ်စု ခါးပြတ်ကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်နေသော ဦးအောင်ခင်(ခ)အညာသား(ရွှေစင်ဖြိုးအလုပ်ရုံ) ပိုင်ဆိုင်သည့် ငါး၊ ပုစွန်ဖမ်းသည့် အင်္ဂလန်ကျားဖောင် ၁၃ ဖောင်မှာ လေတိုက်ခတ်မှုကြောင့် ပင်လယ်ထဲမျောပါသွားကြောင်း ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းတွင် သိရသည်။

ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဦးအောင်ခင် ပိုင်ဆိုင်သည့် အင်္ဂလန်ကျားဖောင် ခြောက်ဖောင် လေပြင်းတိုက်ခတ်မှုကြောင့် ကြိုးပြတ်ပြီး မျောပါသွားကြောင်း၊ ကျားဖောင်တစ်ဖောင်လျှင် အလုပ်သမားသုံးဦးစီရှိသောကြောင့် လူ ၁၈ ဦးပါ ပျောက်ဆုံးနေကြောင်း၊ နောက်ထပ် အင်္ဂလန်ကျားဖောင် ခုနစ်ဖောင် ထပ်မံပျောက်ဆုံးသွားသဖြင့် အလုပ်သမား ၃၉ ဦး



ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

နှစ်စဉ် လေပြင်းတိုက်ခတ်ချိန်များတွင် ကျားဖောင်များ ကြိုးပြတ်ပြီး မျောပါတတ်ကြောင်း၊ ကမ်းစပ်သို့ ပြန်လည်ဆိုက်ကပ်တတ်ကြောင်းနှင့် ကမ်းကပ်ချိန်တွေ့ရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ဖောင်နှင့် အလုပ်သမားများကို ဆယ်ထားပေးစေလိုကြောင်း၊ ယခုမျောပါနေသော ဖောင်များတွင် ရွှေစင်ဖြိုး အလုပ်ရုံ အမှတ်အသားဖြစ်သော SZP စာသားကို ဖောင်အတွင်း အလုပ်သမားများ နေထိုင်သည့် အိမ်ငယ်လေးများ၏ မြင်သာသည့်နေရာတွင် ရေးထားကြောင်း ပိုင်ရှင် ဦးအောင်ခင်က ပြောသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# မြန်မာ အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်ခံထားရသည့် ထိုင်းဘတ်ငွေ ၁၅ သိန်း ပြန်လည်ရရှိ

**မြဝတီ ဒီဇင်ဘာ ၂၁**

ထိုင်းနိုင်ငံ မဲဆောက်မြို့အနီးရှိ အထည်ချုပ်စက်ရုံတစ်ခုမှ ခေါင်းပုံဖြတ်ခံထားရသည့် မြန်မာအလုပ်သမားများ၏ လုပ်အားခငွေကြေးများအဖြစ် ထိုင်းဘတ်ငွေ ၁၅ သိန်းကို ထိုင်းနိုင်ငံအခြေစိုက် KTG မြန်မာရွှေ့ပြောင်းအလုပ်သမားများ အထွေထွေလူမှုကူညီရေးရုံး၏ ဆောင်ရွက်မှုကြောင့် ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အထည်ချုပ်စက်ရုံမှ မြန်မာအလုပ်သမား ၃၉ ဦးသည် လုပ်အားခအပြည့်မရရှိခြင်း၊ သတ်မှတ်ထားသည့် လုပ်အားခထက် လျော့နည်းပြီး ရရှိခြင်းတို့ကြောင့် စက်တင်ဘာ ၂၉ ရက်က KTG ရုံးသို့ သွားရောက်အကူအညီတောင်းခံခဲ့ရာ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

"အလုပ်သမားတွေနဲ့ လုပ်ခလစာ ခေါင်းပုံဖြတ်ခံရတာတွေ၊ မတရားဖြတ်တောက်ခံရတာတွေကို ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံရဲ့ အလုပ်သမားအရေးတည်ဆဲဥပဒေနဲ့အညီ ကူညီဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်"ဟု KTG မြန်မာရွှေ့ပြောင်းအလုပ်သမားများ အထွေထွေလူမှုကူညီရေးရုံး၏ ဒါရိုက်တာ ကိုသားကြီးက ပြောသည်။

မီဒီယာသို့ ချပြရှင်းလင်းသည့် အဆိုပါသတင်းကို အလုပ်သမားများက တွေ့ရှိပြီး အလုပ်သမား ၃၉ ဦးအဖွဲ့၏ကိုယ်စား ခေါင်းဆောင်သုံးဦး အပါအဝင် အလုပ်သမား ၂၅ ဦးက ဒီဇင်ဘာ ၂၁ ရက်တွင် KTG ရုံးသို့ ဆက်သွယ်လာခဲ့သည့်အတွက် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်တွင် ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာအနီးတွင် ဒီဇင်ဘာ ၁၉ ရက် ည ၉ နာရီက ပိတောက်သစ်ခွဲသား ၁၃ ဒသမ ၃၆၅၄ တန်



သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တဘက်ဆွဲကျေးရွာတောင်ဘက် မီးရထားလမ်းနှင့် လေးဖာလုံခန့်အကွာ လှည်းလမ်းဘေးတွင် ရပ်ထားသောယာဉ်အမှတ် 8H/ ----- ၁၂ ဘီးယာဉ်ပေါ်တွင် ပိတောက်သစ်ခွဲသားများ တင်ဆောင်ထားကြောင်း သတင်းအရ တံတားဦး(စဉ့်ကိုင်မြို့နယ်တွဲ) မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးပြည်စိုးကိုကိုနှင့်ဝန်ထမ်းလေးဦး၊ ပလိပ်နယ်မြေ ရဲစခန်းမှူးစခန်းမှူး ရဲအုပ်လှညွန့်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တဘက်ဆွဲကျေးရွာ ရာအိမ်မှူး ဦးအောင်မောင်းတို့ ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်ပိုင်ရှင်တို့ကိုမတွေ့ရှိဘဲ အဆိုပါ ယာဉ်ပေါ်မှ ၁၃ ဒသမ ၃၆၅၄ တန်ရှိ ပိတောက်သစ်ခွဲသား ၈၈ ချောင်း (ကာလတန်ဖိုး ကျပ်သိန်း၄၀ ကျော်)ကို တွေ့ရှိသိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း၊ ယာဉ်နောက် လိုက်၊ ယာဉ်ပိုင်ရှင်နှင့် သစ်ပိုင်ရှင်တို့အား ပလိပ်နယ်မြေရဲစခန်းက ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိသည်။

**သက်မောင် (ကျောက်ဆည်)**

# တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် မအူပင်အကျဉ်းထောင် စစ်ဆေး

**မအူပင် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ဒုတိယပတ်က မအူပင်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးကျော်သူက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေသူများ၊ အချုပ်ကျခံနေသူများ၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေသူ၊ အချုပ်ကျနေသူများထားရှိသည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး နေထိုင်ရေးအဆင်ပြေမှုရှိမရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသခွင့်၊ အစားအသောက်စားသုံးရခြင်းအခြေအနေများနှင့် အမှုများကြန့်ကြာမှုမရှိရေး၊ ဥပဒေနှင့်အညီရသင့်ရထိုက်သည့် အခွင့်အရေးများ ခံစားခွင့်ရမရတို့ကို တွေ့ဆုံမေးမြန်းပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**


# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၏ Community Centre အဖြစ် ပုံဖော်ဆောင်ရွက်မှုတစ်ရပ်အဖြစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကမာရွတ်မြို့နယ် အင်းစိန်လမ်းမအနော်ရထာ အိမ်ရာဝင်းအတွင်းရှိ အဆိုပါရုံးခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စိမ်းလဲ့တို့က ဆေးရောင်ခြယ်ပြိုင်ပွဲဝင် မူလတန်းဆင့် ကျောင်းသားကျောင်းသူလေးများအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ချီးမြှင့်ကြသည်။

ပြိုင်ပွဲတွင် အမှတ် ၁ အခြေခံပညာမူလတန်းကျောင်း ကမာရွတ်မှ ကျောင်းသားကျောင်းသူစုစုပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခင်မောင်သော်**



**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မူခင်းပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာမွေမြို့နယ် တာမွေကြီး(ကဂ)ရပ်ကွက် တာမွေယာယီဈေးရှေ့ ကျိုက္ကဆံလမ်းမပေါ်၌ မှုခင်းအသိပညာပေး ဟောပြောပြသခြင်းကိုဆောင်ရွက်ရာ ပြည်သူ ၂၀၀ ခန့် စိတ်ဝင်တစားလာရောက်လေ့လာကြစဉ်။** ဇာနည်မောင်

# မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မတောင်ရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့ မြို့မတောင်ရပ်ကွက် မီးစက်ကြီးရှေ့လမ်းမပေါ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ရှာဖွေစစ်ဆေးစဉ် ယနေ့ညနေ ၃ နာရီခွဲတွင် မောင်နီရွာဘက်မှ အဖြူရောင်အိတ်တစ်လုံးထမ်းလာသူ အာမီနူရ်နှင့် ဇာဖေါ်အာမက်(မောင်နီကျေးရွာနေသူ) တို့ထံမှ WY/R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၀ စီပါ အထုပ် ၂၃ ထုပ်(စုစုပေါင်းဆေးပြား ၁၁၅၀)၊ ကာလတန်ဖိုးငွေကျပ် ၂၃ သိန်းခန့်ကို သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိ

**မုံရွာ ဒီဇင်ဘာ ၂၁**

မုံရွာမြို့ အိုးဘိုတောင်တံတားအဆင်း မင်းဒေါင့်နယ်မြေတွင် မုံရွာ-ယာကြီးလမ်းဘက်မှ သယ်လာသော တရားမဝင် ပိတောက်သစ်ခွဲသား ရှစ်ချောင်းကို ယာဉ်မောင်းသူနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီကျော်က သိမ်းဆည်းရမိကြောင်း သိရသည်။

"အလုံသစ်တောဌာနက တောအုပ်ဝင်းလွင်မိုးအဖွဲ့နဲ့ ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေပါတဲ့ ပူးပေါင်းအဖွဲ့က တရားမဝင်သစ်တွေ သယ်လာတယ်ဆိုတဲ့ သတင်းအရ မုံရွာအလုံမင်းဒေါင့်ရပ်က အိုးဘိုတောင်တံတားအဆင်းကနေ စောင့်ဖမ်းကြတာပါ။ မုံရွာ-ယာကြီး-ကလေးဝလမ်းအတိုင်းမုံရွာဘက်လာတဲ့ ယာဉ်ကိုရပ်တန့်စစ်ဆေးတာ ပိတောက်သားတွေကို သိမ်းဆည်းရမိတာဖြစ်ပါတယ်"ဟု အလုံရဲကင်းစခန်းမှူး ရဲအုပ်မျိုးမြင့်အောင်က ပြောသည်။

တရားမဝင်ပိတောက်ခွဲသားများ သယ်ဆောင်လာသူ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်နေ ဇော်နိုင်အား မုံရွာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြစ်ကြီးနားမြို့နယ်တွင် ငွေကျပ် သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဆီခဲများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် မြစ်ကြီးနားမြို့နယ် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရန်လီဆော့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဆီခဲ အထုပ် ၂၄ ထုပ် (အလေးချိန် ၂၅ ဒသမ ၂၅ ကီလို) နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် စိုင်းတင်ညီညီအေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**




# ကာရာဘာအိုဖလားဆီမီးဖိုင်နယ်တွင် ဘရစ္စတိုးနှင့် မန်စီးတီး၊ ချယ်လ်ဆီးနှင့် အာဆင်နယ် ထိပ်တိုက်တွေ့ဆုံနေ

ကာရာဘာအိုဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မဲခွဲခဲ့ရာတွင် ဘရစ္စတိုးစီးတီးအသင်းသည် မန်စီးတီးအသင်းနှင့် လည်းကောင်း၊ ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်းနှင့် လည်းကောင်း ထိပ်တိုက်တွေ့ဆုံလျက်ရှိကြောင်း သိရသည်။

ဘရစ္စတိုးစီးတီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ ဘရစ္စတိုးစီးတီးအသင်းသည် ကာရာဘာအိုဖလားဆီမီးဖိုင်နယ်အဆင့် ပထမအကျော့တွင် မန်စီးတီးအသင်း၏ အိမ်ကွင်းအီတီဟက်ဒ်သို့ သွားရောက်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းသည်လည်း ချယ်လ်ဆီးအသင်း၏ အိမ်ကွင်း စတမ်းဖို့ဒ်ဘရစ်ချ်သို့ သွားရောက်ကစားရမည်ဖြစ်သည်။

ကာရာဘာအိုဖလားပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအနက် ပထမအကျော့ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၂ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တွင်လည်း လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားကိုဦးဆောင်လျက်ရှိသည့် မန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေခြင်းကြောင့် ဘရစ္စတိုးစီးတီးအသင်းနည်းပြ လီဂျွန်ဆင်က ကာရာဘာအိုဖလား ဆီမီးဖိုင်နယ်အဆင့်မဲခွဲမှုအပေါ် အပြည့်အဝချီးကျူးစကားဆိုခဲ့သည်။

ထို့ပြင် ပရီမီယာလိဂ်အကောင်းဆုံးအသင်း၏ အကောင်းဆုံးကစားသမားများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ဘရစ္စတိုးစီးတီးအသင်းကစားသမားများ၏ ခြေစွမ်းကိုလည်း စမ်းသပ်ရာရောက်ကြောင်းနှင့် မန်စီးတီးအသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်သောကြောင့် ကြီးမားသည့်အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်းလည်း ဘရစ္စတိုးစီးတီးအသင်းနည်းပြ လီဂျွန်ဆင်က ဆိုသည်။

ဘရစ္စတိုးစီးတီးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုသည် မန်စီးတီးအသင်းအတွက် ကာရာဘာအိုဖလား နောက်တစ်ဆင့်တက်လှမ်းနိုင်မည့်အခွင့်အရေး ပိုမိုများပြားနေခဲ့သည်။ အခြားထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ တွေ့ဆုံမှုသည် ပရီမီယာလိဂ်အကောင်းဆုံး အသင်းစာရင်းဝင်နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဖြစ်ခြင်းကြောင့် ပရိသတ်ကိုပြိုင်ပွဲ၏ ရသအပြည့်အဝ ပေးစွမ်းနိုင်မည့် ပွဲလည်းဖြစ်လာမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘုန်းမောက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းသည်လည်း ဝက်စ်ဟမ်းအသင်းအား ကျဉ်းမြောင်းသည့်ရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်လာခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ဂျူဗင်တပ်အသင်း ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ် တက်လှမ်း

ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့် ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂျူဗင်တပ်အသင်းသည် ဂျီနိုအာအသင်းနှင့် ကစားခဲ့ရပြီး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် ဒိုင်ဘာလာနှင့် ဟီဂူအင်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် အိမ်နီးချင်းအသင်းဖြစ်သည့် တိုရီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တိုရီနိုအသင်းသည် ရိုးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အံ့အားသင့်စွာအနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ တိုရီနိုအသင်းသည် ရိုးမားအသင်းကို လော်ရန်ဇိုနှင့် အီဒီယာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားသော ကွာတားဖိုင်နယ်ပွဲစဉ်များမှာ အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်း၊ လာဇီယိုအသင်းနှင့် ဖီအိုရင်တီးနားအသင်း၊ နာပိုလီအသင်းနှင့် အတ္တလန္တာအသင်းတို့ တွေ့ဆုံလျက်ရှိကြောင်း သိရသည်။

# ပေါလ်ကလီးမန့်အား နည်းပြအဖြစ်မှ ဆွမ်ဆီးအသင်း ထုတ်ပယ်



ပရီမီယာလိဂ်ကလပ် ဆွမ်ဆီးအသင်းသည် နည်းပြ ပေါလ်ကလီးမန့်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက်(၄၅) နှစ်အရွယ်ရှိ နည်းပြ ပေါလ်ကလီးမန့်သည် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဆွမ်ဆီးအသင်းကို ဇန်နဝါရီလအတွင်းက စတင် တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး တန်းဆင်းရမည့် အန္တရာယ်မှ လွတ်မြောက်ကာ အဆင့်(၁၅)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

သို့ရာတွင် ယခုနှစ် ဘောလုံးရာသီတွင်မူ ပရီမီယာလိဂ်သုံးပွဲသာ အနိုင်ရရှိထားပြီး အမှတ်ပေးဇယားတွင်လည်း အောက်ဆုံးတွင် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့်အသင်းအတွက် ရလဒ်ကောင်းတစ်ခုကိုမျှ ရရှိအောင် ဖန်တီးမပေးနိုင်ခဲ့ခြင်းကြောင့် ဆွမ်ဆီးအသင်းက ပေါလ်ကလီးမန့်အား နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီးအသင်းက နည်းပြ ပေါလ်ကလီးမန့်အား ထုတ်ပယ်ခဲ့ချိန်တွင် လက်ထောက်နည်းပြများဖြစ်ကြသည့် နီဂျယ်ဂစ်နှင့် ကားလ်ဟာလာဘီတို့လည်း အသင်းမှ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

ပေါလ်ကလီးမန့်သည် ဆွမ်ဆီးအသင်းသို့ မရောက်ရှိမီက ချယ်လ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့တွင် နည်းပြ အန်စလော့တီ၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ဆွမ်ဆီးအသင်းအနေဖြင့် ၂၄ နာရီအတွင်း နည်းပြသစ်တစ်ဦး ထပ်မံခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# ဒေါ့မွန်အားအနိုင်ရရှိခဲ့သည့် ဘိုင်ယန် ဂျာမန်ပိုကယ်ဖလား ကွာတားတက်




ဂျာမန်အသင်းများထဲတွင် အဓိကပြိုင်ဘက်အသင်း နှစ်သင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့သည် ဂျာမန်ပိုကယ်ဖလား ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယင်းပွဲစဉ်တွင် ဘိုတန်နှင့် သောမက်မူလာတို့၏ ပထမပိုင်း သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် ဧည့်သည် ဒေါ့မွန်အသင်းကို ချေပဂိုးတစ်ဂိုးပေးခဲ့ရခြင်း ဖြစ်သည်။

ဘွန်ဒက်လီဂါအမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းများထွက်ပေါ်လျက်ရှိသည့် အသင်းများအနက် ဒေါ့မွန်အသင်းနှင့် လိဇစ်အသင်းတို့မှာ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သောကြောင့် မေလအတွင်း ဆက်လက်ကျင်းပသွားမည့် ဂျာမန်ပိုကယ်ဖလားတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံအသင်းအဖြစ် ရေပန်းစားလျက်ရှိသည်။

နည်းပြဂျက်ပေးနက်၏ ဘိုင်ယန်မြူးနစ်အသင်းသည် ပြည်တွင်းပြိုင်ပွဲနှစ်ရပ်စလုံးတွင် ရလဒ်ကောင်းများပိုင်ဆိုင်နေသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နောက်တစ်ဆင့် တက်လှမ်းထားနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တည်း ဖလားသုံးလုံးရရှိမည့်လမ်းကြောင်းပေါ်တွင်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် နည်းပြ ဂျက်ပေးနက်လက်ထက် ၂၀၁၃ ခုနှစ်ကအတိုင်း တစ်နှစ်တည်း ဆုဖလားသုံးလုံးရရှိအောင် စွမ်းဆောင်သွားနိုင်မည်လားဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းနေသည်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**ငွေကြေးအထောက်အပံ့ ပေးအပ်ရန် ကုမ္ပဏီအား ခွင့်ပြုခြင်း**

၁၃၀။(က) ပုဒ်မ ၁၂၈ နှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များနှင့် ညီညွတ်မှသာ ကုမ္ပဏီ သို့မဟုတ် ယင်း၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများကို ရယူနိုင်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ငွေကြေးအထောက်အပံ့ ပေးအပ်နိုင်သည်-

(၁) ဒါရိုက်တာအဖွဲ့သည် အောက်ပါအခြေအနေများကို လက်ခံနိုင်ဖွယ်ရှိသော အကြောင်းပြချက်များရှိကြောင်း ဆုံးဖြတ်ခဲ့လျှင်-

(ကက) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးသင့်ကြောင်း၊

(ခခ) ထိုသို့ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီအတွက် အကောင်းဆုံး အကျိုးခံစားခွင့်များကို ကောင်းစွာရရှိစေမည်ဖြစ်ကြောင်း၊

(ဂဂ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိကြောင်း၊

(ဃဃ) ငွေကြေးအထောက်အပံ့ပေးခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိကြောင်းနှင့်

(ငင) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးပြီးနောက် ချက်ချင်းကြွေးမြီ စစ်ဆေးချက်ကိုကျေနပ်လက်ခံကြောင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၁၃၃ အရ ငွေကြေးအထောက်အပံ့ပေးခြင်းအား အစုရှယ်ယာရှင်များက အတည်ပြုကြောင်း။

(ခ) ငွေကြေးအထောက်အပံ့ပေးခြင်းအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ဒါရိုက်တာအဖွဲ့မှ ခွင့်ပြုပြီးနောက် အဆိုပါငွေကြေးအထောက်အပံ့ကို ပေးအပ်ခြင်း မပြုသေးမီကာလအတွင်း ကုမ္ပဏီအနေဖြင့် ငွေကြေးအထောက်အပံ့ပေးပြီးနောက် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ လိုအပ်ချက်များကို ချက်ချင်းလိုက်နာနိုင်သည့် အခြေအနေရှိမည်မဟုတ်ကြောင်း ဒါရိုက်တာအဖွဲ့က တွေ့ရှိလျှင် ကုမ္ပဏီကပြုလုပ်မည့် ငွေကြေးအထောက်အပံ့တစ်ရပ်ရပ်ကို ပြုလုပ်ခွင့်ရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။

၁၃၁။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၃၀ ပါသတ်မှတ်ချက်များကိုလိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေး ငွေကျပ်နှစ်ဆယ့်ငါးသိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့် တမင်ပျက်ကွက်မှုကို ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာသို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၃၂။ပုဒ်မ ၁၃၁ အပြင် ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့များ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပေးအပ်ပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၃၀၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ငွေကြေးအထောက်အပံ့ပေးခြင်းကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီကပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် ငွေကြေးအထောက်အပံ့များပေးခဲ့သည့် တန်ဖိုးပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကသော်လည်းကောင်း အဆိုပါ ငွေပမာဏကို ဖော်ပြပါဒါရိုက်တာများ ထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

၁၃၃။(က) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးခြင်းအတွက် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို အောက်ပါအတိုင်းပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်မှာ အစုရှယ်ယာများ ရရှိသူကဖြစ်စေ၊ ၎င်းတို့၏တွဲဖက်လုပ်ကိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက် ချမှတ်ခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်များအားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၃၀ တွင် ဖော်ပြပါရှိသည့်အတိုင်း ငွေကြေးအထောက်အပံ့ကို ရယူဆောင်ရွက်ပြီးနောက် ချက်ချင်းနိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်ဆိုလျှင် ငွေကြေးအထောက်အပံ့အား အဆိုပါအများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

(ဂ) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့ပေးခြင်းဆောင်ရွက်ပြီးနောက် ချက်ချင်း အောက်ပါအတိုင်း အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုရှိခဲ့လျှင် ထိုအစုများပိုင်ဆိုင်သည့်ကုမ္ပဏီသည်-

(၁) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားပြီး နိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားခြင်း မရှိသေးသည့် ကုမ္ပဏီဖြစ်သည်ဆိုလျှင်၊ ၎င်းအပြင်

(၂) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုမဟုတ်သော ကုမ္ပဏီဖြစ်သည်ဆိုလျှင်၊

အထက်ပါကိစ္စရပ်တွင် ငွေကြေးအထောက်အပံ့ပေးခြင်းကို ထိုအစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင်ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုရမည်။

ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် အစည်းအဝေးတစ်ရပ်အား ခေါ်ယူကျင်းပလိုသော ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန် ဆုံးဖြတ်ခြင်းနှင့်သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသောအချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ်ပါရှိစေရမည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် ခေါ်ယူကျင်းပမည့် အစည်းအဝေး အကြောင်းကြားစာအား ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ခြင်း မပြုမီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်းမိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် ငွေကြေးအထောက်အပံ့ပေးခြင်းနှင့် သက်ဆိုင်သော စာရွက် စာတမ်းများ။

(င) ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့မပေးမီ အနည်းဆုံး ၂၁ ရက်အတွင်း ထိုငွေကြေး အထောက်အပံ့ပေးခြင်းအား ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုဆောင်ရွက်ပြီးဖြစ်ကြောင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

(စ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) တို့တွင်ပါရှိသော ကိစ္စရပ်များအတွက် ချမှတ်ထားသည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ကို ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၄ ရက်အတွင်း ဖော်ပြပါ ကုမ္ပဏီ၊ နိုင်ငံတော်အတွင်း စတော့ဈေးကွက်၌ အမည်စာရင်းတင်သွင်းထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီသို့မဟုတ် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီသည် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဆ) ကုမ္ပဏီ၏ဒါရိုက်တာနှင့် အခြားအရာရှိအားလုံး၏တာဝန်များမှာ ဤပုဒ်မပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သောအရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကိုလည်းကောင်း သင့်လျော်သောဆောင်ရွက်ချက်ဖြင့် ပြုလုပ်ရန် ဖြစ်သည်။

၁၃၄။ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်တမင် ပါဝင်သည့် ကုမ္ပဏီနှင့်ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်။

**ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၁၃၅။ပုဒ်မ ၁၂၈ တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် ကုမ္ပဏီသည် ငွေကြေးအထောက်အပံ့များကို ပေးအပ်ခဲ့လျှင် ထိုသို့ငွေကြေးအထောက်အပံ့ပေးခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

**အစုရှယ်ယာများကို မိမိကိုယ်တိုင်ပြန်လည်ရယူခြင်းအား တားမြစ်ခြင်း**

**အစုရှယ်ယာများအားတိုက်ရိုက်ရယူခြင်း**

၁၃၆။ကုမ္ပဏီတစ်ခုသည် အောက်ပါကိစ္စရပ်မှအပ ၎င်း၏အစုရှယ်ယာများကို ရယူခြင်းမပြုရ -

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ဝယ်ယူခြင်း သို့မဟုတ်

(ခ) တရားရုံး၏အမိန့်အရ ဆောင်ရွက်ခြင်း။

**အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်း**

၁၃၇။ကုမ္ပဏီတစ်ခုသည် ယင်း၏အစုရှယ်ယာများ သို့မဟုတ် ယင်းကို ကြီးကြပ်အုပ်ချုပ်နေသည့် အစုများပိုင်ဆိုင်သောကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် အာမခံချက်များ ရယူခြင်းမပြုရ။

**အစုရှယ်ယာများကို လက်အောက်ခံကုမ္ပဏီတစ်ခုသို့ ထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း**

၁၃၈။အောက်ပါအကြောင်းများ ပေါ်ပေါက်ခြင်းမရှိလျှင် ကုမ္ပဏီတစ်ခုက ယင်း၏လက်အောက်ခံကုမ္ပဏီသို့ ယင်း၏အစုရှယ်ယာများကိုထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းသည် ပျက်ပြယ်သည် -

(က) လွှဲပြောင်းလက်ခံသော လက်အောက်ခံကုမ္ပဏီသည် အစုရှယ်ယာများအား ယုံကြည်အပ်နှံခြင်းခံရသူအဖြစ်သာ လက်ခံထားခြင်းဖြစ်ပြီး အစုရှယ်ယာများမှ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကိုရယူခြင်း မရှိလျှင် သို့မဟုတ်

(ခ) လွှဲပြောင်းမှုအား အဆိုပါကုမ္ပဏီ၏ အစုများပိုင်ဆိုင်သော ကုမ္ပဏီကပြုလုပ်ပြီး လွှဲပြောင်းလက်ခံသော လက်အောက်ခံ ကုမ္ပဏီက ထိုအစုများပိုင်ဆိုင်သောကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်လျှင်။

**ကင်းလွတ်ချက်များ**

၁၃၉။ဤပုဒ်မနှင့်သက်ဆိုင်ခြင်းမရှိသည့် အခြားအခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၃၇ နှင့် ၁၃၈ တို့တွင် တားမြစ်ထားသည့် သို့မဟုတ် ပျက်ပြယ်သည့် ကိစ္စတစ်ရပ်ရပ်ကိုခွင့်ပြုနိုင်ပြီး အကျိုးသက်ရောက်စေနိုင်သည့် အခြေအနေများကို သတ်မှတ်ဖော်ပြနိုင်သည်။

**တာဝန်များကို ဆက်လက်ဆောင်ရွက်ရခြင်း**

**အခြားတာဝန်များကို ဆက်လက်လိုက်နာဆောင်ရွက်ရခြင်း**

၁၄၀။ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာမတည်ငွေရင်းအပေါ် အကျိုးသက်ရောက်စေမည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အပိုင်း ၄ တွင်ပါရှိသော တာဝန်များအပါအဝင် ဤဥပဒေအရ ၎င်းတို့၏ တာဝန် သို့မဟုတ် ၎င်းတို့အားပေးအပ်ထားသည့် တာဝန်တစ်ရပ်ရပ်ကို ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်အရ ခွင့်ပြုထားသည့် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက ဆုံးဖြတ်ချက်ချမှတ်၍ အတည်ပြုထားသည့် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ခွင့်ပြုထားသည့် အကြောင်းမျှဖြင့် ကင်းလွတ်ခွင့် မရှိစေရ။

**အပိုင်း (၄)**

**စီမံခန့်ခွဲခြင်းနှင့်အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းခြင်း၊ ပေါင်းနှံခြင်းနှင့် ကြွေးမြီ တာဝန်ရှိခြင်း၊ ကုမ္ပဏီ၏ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း**

**အခန်း (၁၆)**

**ကုမ္ပဏီရုံးခန်းနှင့် အမည်**

**မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်း**

၁၄၁။(က) ကုမ္ပဏီတစ်ခုသည် ယင်းအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အကြောင်းကြားမှုများအတွက် လိပ်မူပေးပို့နိုင်မည့် မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းတစ်ခု ရှိရမည်။

(ခ) ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာရှိ အဆောက်အအုံဥပစာတွင် လုပ်ငန်းဆောင်ရွက်ရန် မလိုအပ်။ သို့ရာတွင် အဆိုပါအဆောက်အအုံဥပစာတွင် ဝင်ရောက်နေထိုင်သူက ယင်းနေရာအား ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးကြောင်း သဘောတူညီချက်ကို ရယူထိန်းသိမ်းထားရမည်။ အဆိုပါသဘောတူညီချက်အား ပြန်လည်ရုပ်သိမ်းခဲ့လျှင် ကုမ္ပဏီသည် မှတ်ပုံတင်ထားသော ရုံးခန်းအသစ်တစ်ခုကို ထပ်မံဖော်ပြရမည်။ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မခွဲအရလိုအပ်သော သဘောတူညီချက်အထောက်အထားကို ကုမ္ပဏီအား တင်ပြစေနိုင်သည်။

(ဂ) ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့် လျှောက်လွှာတွင် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ အပြည့်အစုံကို အကြောင်းကြား ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အဆိုပါလိပ်စာတွင် အဆိုပြုပြောင်းလဲပြင်ဆင်မှု တစ်စုံတစ်ရာရှိခဲ့ပါက ထိုသို့ပြောင်းလဲပြင်ဆင်သည့်နေ့မတိုင်မီ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါပြောင်းလဲမှုများကို မှတ်တမ်းတင်ထားရှိရမည်။

(ဃ) ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည့် မှတ်ပုံတင်ထားသော ကုမ္ပဏီရုံးခန်းလိပ်စာသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် တာဝန်အတွက် ပြည့်စုံလုံလောက်သည်ဟု သတ်မှတ်ခြင်း မရှိစေရ။

(င) မှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များ ပေါ်ပေါက်ကြောင်း ထင်မြင်ခဲ့လျှင် နိုင်ငံအတွင်းနေထိုင်သည့် ဒါရိုက်တာတစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာကို အဆိုပါဒါရိုက်တာ၏လိပ်စာဖြင့် ပြောင်းလဲသတ်မှတ်လိုကြောင်း အသိပေးနိုင်သည်-

(၁) အကယ်၍ မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံဥပစာတွင် တည်ရှိခဲ့သော်လည်း ထိုအဆောက်အအုံဥပစာတွင် ကုမ္ပဏီက ဆက်လက်လုပ်ငန်းဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ်

(၂) အကယ်၍ မှတ်ပုံတင်ထားသောရုံးခန်းသည် ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံဥပစာတွင် လုပ်ငန်းဆောင်ရွက်ခြင်းမရှိလျှင် ထိုအဆောက်အအုံဥပစာတွင် ဝင်ရောက်နေထိုင်သူက ယင်းဥပစာအား ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုခွင့်ပေးရန် သဘောတူညီခြင်းမရှိလျှင် သို့မဟုတ် ပြန်လည်ရုပ်သိမ်းလျှင် သို့မဟုတ် ၎င်းအနေဖြင့် ယင်းဥပစာတွင် ဆက်လက်နေထိုင်ခြင်း မရှိလျှင် အဆိုပါအကြောင်းကြားစာအား ထုတ်ပြန်သည့်နေ့မှ ၂၈ ရက်အတွင်း ကုမ္ပဏီသည် ရုံးခန်းလိပ်စာအသစ်ကို သတ်မှတ်ဖော်ပြနိုင်ခြင်းမရှိပါက မှတ်ပုံတင်အရာရှိသည် အထက်ပါလိပ်စာကို မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။

၁၄၂။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၄၁ အရ သတ်မှတ်ထားသည့်အချက်များကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်လေးသိန်းကို ပေးဆောင်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**



# မယ်မြေကမ္ဘာ မန္တလေးကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲကျင်းပ

**အောင်မြေသာစံ ဒီဇင်ဘာ ၂၁**

Miss Earth Myanmar Organization က ကြီးမှူးကျင်းပသည့် မယ်မြေကမ္ဘာမန္တလေးကိုယ်စားပြု အလှမယ် Miss Earth Mandalay City 2018 ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၀ရက် ည ၇ နာရီက မန္တလေးမြို့အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ (မန္တလေး) တွင် ကျင်းပသည်။ အခမ်းအနားသို့ သစ်တောဦးစီးဌာနနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒေသဆိုင်ရာတာဝန်ခံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မန္တလေးမြို့ကိုယ်စားပြု မယ်မြေကမ္ဘာအလှမယ် Miss Earth Mandalay City 2018 ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှမယ် ၂၃ ဦးတို့က သတ်မှတ်ကိုယ်ဟန်များ၊ ဝတ်စားဆင်ယင်မှုများဖြင့် လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများ နှုတ်ဖြေဆိုခြင်းများဖြင့်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်အဖွဲ့က အလှမယ်ငါးဦးကို ရွေးချယ်ပေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဓာတုဆိုးဆေး ကင်းစင်သော ဈေးများပေါ်ထွန်းရေး ကွင်းဆင်းစစ်ဆေး

**ချမ်းအေးသာစံ ဒီဇင်ဘာ ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေးဌာနခွဲ)တို့ ပူးပေါင်း၍ ခွင့်မပြု ဓာတုဆိုးဆေးကင်းစင်သောဈေးချိုတော်ဖြစ်လာစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဈေးချိုတော်၊ ကံကော်ရုံ (၈၆) လမ်းကိုင်းတန်းဈေးတို့တွင် ဆောင်ရွက်ကြသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူးဒေါက်တာကျော်ကျော်က ဓာတုဆိုးဆေးများကြောင့် ရောဂါဖြစ်ပွားမှုများ၊ ဝယ်ယူ စားသုံးသူများအား စားသောက်ကုန်များ ရောင်းချရာတွင် ဓာတုဆိုးဆေးအသုံးမပြုဘဲ သဘာဝအတိုင်း ရောင်းချစေလိုကြောင်း၊ သဘာဝအရောင်အတိုင်းစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများနှင့် ဓာတုဆိုးဆေးပါသော အစားအစာများစားသုံးခြင်းကြောင့် ဆိုးကျိုးများကို ဆိုင်ရှင်များအားပြောကြားသည်။ ထို့နောက်ဈေးအတွင်းငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်ဆိုင်များ၊ ဆိတ်သားခြောက်၊ ဝက်အူချောင်း အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးကြသည်။

ခွင့်မပြု ဓာတုဆိုးဆေးပါ အစားအစာများစားသုံးခြင်းဖြင့် အစာအိမ်အူလမ်းကြောင်းရောင်ရမ်းခြင်း၊ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်းစသောလတ်တလောဆိုးကျိုးများ ဖြစ်ပေါ်စေပြီး ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်ကာ အသည်းနှင့် ကျောက်ကပ်များ ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော အစားအသောက်သုံးခွင့်မပြု ဆိုးဆေးများမှာ AuramineO၊ RhodamineB၊ OrangeIIတို့ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

# ပျဉ်းမနားမြို့နယ်အတွင်း ကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့ ပူးပေါင်း၍ ကုန်ပစ္စည်းများထုတ်ကုန် လုံခြုံစိတ်ချရမှုရှိ၊ မရှိ စစ်ဆေးဆောင်ရွက်မှုများကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ဒက္ခိဏခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စောမာလာနွယ် ဦးဆောင်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့လိုက်ပါလျက် ဈေးဆိုင်များတွင် ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများ၏ စိတ်ချရမှုရှိ၊ မရှိ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ၊ (FDA)ထောက်ခံချက်မရှိသည့် ကုန်ပစ္စည်းများကို လိုက်လံစစ်ဆေးရာ ဈေးကွက်အတွင်း စားသုံးရန်မသင့်သော အစားအသောက်များအား ရောင်းချနေပါက ယင်းပစ္စည်းများအား ပိုင်ရှင်(သို့မဟုတ်) ထုတ်လုပ်သည့်လုပ်ငန်းရှင်ထံ အသိပေးကာ ပြန်လည်သိမ်းဆည်းပြီး ဈေးအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးသို့ ကမ္ဘာလှည့်ခရီးသည် လေးသိန်းကျော်ဝင်ရောက် အာဆီယံဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ပြီး ဖိုရမ်များပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးတွင်ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ကမ္ဘာလှည့်ခရီးသွား ဧည့်သည် ဝင်ရောက်မှုမှာ ၄၃၅၂၈၈ ဦး ရှိကြောင်း အဆိုပါ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာန၏မှတ်တမ်းများအရ သိရှိရသည်။

"မန္တလေးတိုင်းဒေသကြီးက ယဉ်ကျေးမှု မြို့တော်ဖြစ်တဲ့အတွက် မန္တလေးကိုမဖြစ်မနေလာကြတယ်၊ ကျွန်တော်တို့ဆီမှာ တခြားနိုင်ငံတွေထက် ထူးခြားတာက ခရီးသွားရဲ့ ဆွဲဆောင်မှု Tourism products တွေက သူများတွေက ဖန်တီးရတာ ကျွန်တော်တို့ဆီမှာက ဖန်တီးစရာမလိုဘူး၊ သဘာဝပေးထားတဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ ဓလေ့ထုံးတမ်းတွေရှိတဲ့အတွက် ခရီးသွားဧည့်သည်က မဖြစ်မနေဝင်ရောက်လာတာရှိပါတယ်ဟု"အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း လအလိုက် နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု စာရင်းများအရ ဇန်နဝါရီ ၅၃၀၅၁ ဦး၊ ဖေဖော်ဝါရီ ၅၅၄၈၂ ဦး၊ မတ် ၄၅၅၉၂ ဦး၊ ဧပြီ ၂၇၄၉၆ ဦး၊ မေ ၂၇၀၇၆ ဦး၊ ဇွန် ၂၇၃၆၅ ဦး၊ ဇူလိုင် ၃၂၄၃၂ ဦး၊ ဩဂုတ် ၃၃၃၀၉ ဦး၊ စက်တင်ဘာ ၂၉၆၇၂ ဦး၊ အောက်တိုဘာ ၄၂၇၄၆ ဦးနှင့် နိုဝင်ဘာ ၆၁၀၆၇ ဦးဝင်ရောက်ခဲ့ပြီး တရုတ်၊ ထိုင်း၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမနီ၊ အင်္ဂလန် စသည့် နိုင်ငံများအနက် အဆိုပါကာလအတွင်း တရုတ်နိုင်ငံမှ အများဆုံးဝင်ရောက်ခဲ့ကြောင်း ၎င်းဌာနမှ သိရသည်။

"နိုင်ငံခြားသားပိုမိုဝင်ရောက်နိုင်ရေးအတွက် အာဆီယံဒေသတွင်းနိုင်ငံတွေနဲ့ပူးပေါင်းဆောင်ရွက်ပြီး ဖိုရမ်များ ပြုလုပ်နေပါတယ်၊ ဝန်ဆောင်မှုပိုင်းကို မထိခိုက်စေဖို့ရယ် ဆက်စပ်ဧရိယာတွေမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုသင်တန်းတွေနဲ့ အသိပညာပေး လုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်ဟု" အဆိုပါ လက်ထောက် ညွှန်ကြားရေးမှူးက ဆက်လက်ပြောသည်။

ကမ္ဘာလှည့်ခရီးသွားများသည် မန္တလေးမြို့၏ ထင်ရှားသော ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေများ ဖြစ်သည့် တောင်သမန်အင်း၊ ဦးပိန်တံတား၊ မဟာမုနိဘုရားကြီး၊ မြနန်းစံကျော်ရွှေနန်းတော်၊ ရွှေကျောင်းကြီး၊ မန္တလေးတောင်တော်စသည်တို့အပြင် မင်းကွန်း၊ အင်းဝနှင့် ပုဂံဒေသများသို့ အများဆုံးသွားရောက်လည်ပတ်ကြပြီးပြင်ဦးလွင်မြို့သို့လည်းအပန်းဖြေလည်ပတ်လျက်ရှိကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နှစ်အလိုက် နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၂၀၀၉ ခုနှစ်တွင် ၆၄၃၇၇ ဦး၊ ၂၀၁၀ ပြည့်နှစ်တွင် ၇၅၇၂၇ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၉၉၀၁၆ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၆၀၉၇၅ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၁၉၅၁၈ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၂၄၂၅၆ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၃၀၆၄၃၂ ဦးနှင့် ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦးတို့ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရသည်။

**နဒီလှိုင်**





# မန်းရွှေစက်တော် ဘုရားပွဲတော်ကာလအတွက် မော်တော်ယာဉ်ရပ်နားကွင်းများ တိုးချဲ့တည်ဆောက်

**မင်းဘူး ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကာလအတွက် မော်တော်ယာဉ်ရပ်နားကွင်း နှစ်ကွင်းကို ဇော်ဂျီကုန်းနှင့် သမှုန်းကုန်းနေရာများတွင် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

"အရင်က မန်းရွှေစက်တော်ဘုရားအဝင်မှာ ကားကြီးကွင်း၊ ကားလေးကွင်းသာရှိခဲ့ပြီး ယာဉ်ပိတ်ဆို့မှုနဲ့ ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် ကားလေးကွင်းနှစ်ကွင်းကို တည်ဆောက်ခြင်းဖြစ်ပါတယ်၊ ငဖဲလမ်းဘက်အထွက် ဇော်ဂျီကုန်းမှာ မော်တော်ယာဉ်အစီးရေ ၁၀၀ ကျော်နဲ့ ငဖဲစောင်းတန်း၊ သမုန်းကုန်းဘက်မှာ ယာဉ်စီးရေ ၁၀၀ ကျော်ဆံ့ ယာဉ်ရပ်နားကွင်း နှစ်ကွင်းတို့ကို တစ်ကွင်းကို ၂၅ သိန်းဝန်းကျင် အကုန်အကျခံကာ တိုးချဲ့တည်ဆောက်ခြင်းဖြစ်ပါတယ်"ဟု မန်းရွှေစက်တော်ဘုရား ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

ယခုနှစ်တွင် ကားကြီးကွင်း တစ်ကွင်း၊ ကားလေးကွင်း သုံးကွင်း စုစုပေါင်း ကားကွင်း လေးကွင်း တည်ဆောက်ထားရှိမည်ဖြစ်ပြီး ကားကွင်းများတွင် ကိုယ်ပိုင်မော်တော်ယာဉ်များ ညအိပ်ရပ်နားခွင့် တစ်စီးလျှင် ၅၀၀ မှ ၁၀၀၀ ကျပ်ထိ ကောက်ခံသွားမည်ဖြစ်ကာ ကားကွင်းများမှာ လုံခြုံရေးအတွက်အစောင့်များ ချထားဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ကိုယ်ပိုင်ကားကို စိတ်ချစွာထားရှိနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ရှင်းလင်း



**ခရမ်း ဒီဇင်ဘာ ၂၁**
ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျုံးကျုံးကျကျေးရွာအုပ်စု ကမာပတောကျေးရွာ၌ ကျေးရွာနေပြည်သူများအား ခရမ်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအားချပြပြီး မှုခင်းကျဆင်းရေးအသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ **အောင်ဆွေ (ရွှေတံတား)**

## လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်ပြသ

**ကြည့်မြင်တိုင် ဒီဇင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင် ဓာတ်ပုံပြပွဲများကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲက အခြေခံပညာမူလတန်းကျောင်း အမှတ် ၆ ကြည့်မြင်တိုင်၌ ပြသရာ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

## ပဲခူး–သနပ်ပင်လမ်း(ပဲခူးမြို့တွင်းပိုင်း) AC ကွန်ကရစ်ကတ္တရာခင်းနေမှုအား ဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းသည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်း (ပဲခူးမြို့တွင်း ပိုင်း) AC ကွန်ကရစ်ကတ္တရာခင်းနေမှုအား ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့ သနပ်ပင်လမ်းမကြီးအား အခြားမြို့များအနေဖြင့် စံနမူနာပြဖြစ်စေရန်၊ လမ်းအင်္ဂါရပ်နှင့်ညီညွတ်ရန်၊ ရေနုတ်မြောင်း၊ လူသွားလမ်းပလက်ဖောင်းများ စနစ်တကျဖြစ်စေရန်၊ ပဲခူးမြို့အား မြို့အင်္ဂါရပ်နှင့်အညီရရှိသည့်ဘဏ္ဍာငွေအပေါ်မူတည်၍ အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လမ်းဘေးကျုံးများအား ပြန်လည်တူးဖော်၍ အများပြည်သူများ စိတ်လက်အပန်းဖြေသည့် မြေနေရာများ ဖော်ဆောင်ပေးရန်၊ လမ်းဘေး ဝဲ-ယာရှိ လမ်းမီးတိုင်များအား လမ်းဧရိယာအတွင်း မရောက်ရှိစေရန်နှင့် လမ်းခင်းမှုသည် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်၍ အကောင်းမွန်ဆုံး စေတနာထား ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။



အဆိုပါလမ်းသည် ယခင်ကနှစ်လမ်းသွား ကတ္တရာလမ်းဖြစ်ပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တာဝန်ယူကာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၈၆၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၂၉၀ ဖြင့် ပဲခူးမြို့တွင်း နာရီစင်ရှေ့မှ ကမာနတ်ကျေးရွာထိပ်၊ စိန်သာလျောင်းဘုရားလမ်းဆုံအထိ အရှည်တစ်မိုင် ခုနစ်ဖာလုံအား အကျယ် ၄၈ ပေ လေးလမ်းသွား ACကွန်ကရစ်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

လမ်းအဆင့်မြှင့်တင်ရန်အတွက် တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ နိုဝင်ဘာ၇ ရက်မှ စတင်ကာ စက်ယန္တရားများဖြင့် လမ်းသားခွဲထွင်ခြင်း၊ မြေသားညှိခြင်း၊ လမ်းမြေကျူးကျော်အဆောက်အအုံများ ရှင်းလင်းဖယ်ရှားခြင်းများ ပြီးစီးသွားသောကြောင့် နာရီစင်ရှေ့မှ စတင်ပြီး ACကွန်ကရစ်ကတ္တရာခင်းနေခြင်းဖြစ်သည်။ လုပ်ငန်းပြီးစီးသွားပါက ပဲခူးမြို့ သနပ်ပင်လမ်းမတွင် ယာဉ်ကြောရှုပ်ထွေးကျပ်တည်းမှု ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# စနစ်ကျစက်မှုလယ်ယာမြေ ဧက ၁၅၀ စတင်ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၂၁**
ကျေးလက်ဒေသနေ တောင်သူများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၁၅၀ အား ယခုနှစ်နွေစပါးစိုက်ပျိုးချိန်အမီ စံနမူနာပြု စက်မှုလယ်ယာစနစ်ကျလယ်ယာမြေအဖြစ်စတင်ဖော်ဆောင်ခြင်းလုပ်ငန်းများအား မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် မိုးတက်လမ်းကုမ္ပဏီမှတာဝန်ယူကာ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

"တောင်သူတွေအနေနဲ့ လယ်ယာမြေစိုက်ပျိုးရာမှာ မြေအနေအထားအဆင်မပြေတာအများကြီး ရှိပါတယ်၊ အခုခေတ်မှာ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို အရှိန်အဟုန်နဲ့ပြောင်းလဲလာတဲ့ အခါမှာ စက်တွေသွားလာဖို့ ကုန်ထုတ်လမ်းမရှိလို့ သူများအကွက်ကို ဖြတ်ကြရတာရှိပါတယ်၊ လမ်းပိတ်ဆို့မှုမဖြစ်အောင် တက်သုတ်ရိုက်ပြီး စိုက်ပျိုးကြရတဲ့အခါမှာ သီးနှံတွေအနေနဲ့ မြေဆီဩဇာကောင်းမွန်သလောက် အကျိုးခံစားခွင့်ဆုံးရှုံးကြရတာတွေရှိပါတယ်၊ အခုလို စနစ်ကျလယ်ယာမြေတွေ ဖော်ဆောင်ပေးတဲ့အခါမှာ ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ရေယူအဆောက်အအုံ၊ စက်ဆင်းလမ်းတွေ ပါဝင်မှာဖြစ်တဲ့အတွက် တောင်သူတွေ အများကြီး အဆင်ပြေသွားမှာဖြစ်ပါတယ်"ဟု မိုးတက်လမ်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်ညီညီလွင်က ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိ လယ်မြေများအား ဧကကွက်များဖော်ဆောင်သည့်အခါ တွေ့ကြုံရမည့် အခက်အခဲနှင့်ပတ်သက်၍ တောင်သူများ၏မေးမြန်းမှုများကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီဝင်များကလည်းကောင်း၊ အပေါ်ယံမြေဆီလွှာ ပျက်စီးဆုံးရှုံးမှုနှင့် အစားထိုးပြန်လည်ဖြည့်တင်း ရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က လည်းကောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**





ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ၁၁ ရပ်ကွက် ကံဘဲ့ဘုတာရုံလမ်းတွင် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင် မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် ပညာပေးခြင်းဆောင်ရွက်ရာ ရပ်ကွက်နေ ပြည်သူ ၂၀၀ ခန့် လာရောက်ကြည့်ရှုကြစဉ်။

**ကြေးမုံ**

## တိုက်ကြီးမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးသင်တန်းဖွင့်လှစ်

**တိုက်ကြီး ဒီဇင်ဘာ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်နေသော နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် စာရင်းကောက်ယူရေး သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်မြင့်အောင်က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ ဥက္ကံမြို့အုပ်ချုပ်ရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ တိရစ္ဆာန်စာရင်းကောက်ယူရေး သင်တန်းကို တိုက်ကြီးမြို့နယ်တွင် တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်ဒေသတွင် သင်တန်းသား ၁၅၀ ကို ငါးကြိမ်သင်တန်းဖွင့်လှစ်ပြီး ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၄၉ အုပ်စု၊ ကျေးရွာ ၉၂ ရွာ၊ အိမ်ထောင်စု ၁၀၆၃၀ ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်မြင့်အောင်က ပြောသည်။

**ထွန်းလှိုင်(မြိုင်)**



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မျိုးသက်က အ-လ-က (၃)၌ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေးဆွေးနွေးစဉ်။ (မိုယံးကျ)

## သုံးခွမြို့နယ်တွင် GAP စနစ်ဖြင့်စိုက်ပျိုးသည့် ပဲတီစိမ်းစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

**သုံးခွ ဒီဇင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ ကွင်းအမှတ် (၈၄၇/စီ) တစ်ကွင်းတစ်စပ်တည်း ၄၈၂ ဧက အား Good Agriculture practice (GAP) စနစ်ဖြင့် စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းသို့ ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်၊ ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးထွန်းမြင့်တို့ ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံပြီး ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရာတွင် ကုန်ကျစရိတ်သက်သာ၍ အရည်အသွေးကောင်းမွန်စေရန်အတွက် ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျလျှော့ချသုံးစွဲရန်နှင့် မျိုးစေ့နှုန်းလျှော့ချသုံးစွဲရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် စိုက်ပျိုးရာသီ၌ ပဲတီစိမ်း GAP စနစ်ဖြင့် စိုက်ပျိုးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသွင်းအားစုကုမ္ပဏီများ၊ ပြည်ပတင်ပို့သူများနှင့် လယ်သမားများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေကိုဘယ်လိုဖတ်ကြမှာလဲ

မောင်စာဂ

လူ့ဘောင်လောကတွင် လူအားလုံးသည် ဥပဒေနှင့် ကင်းကွာ၍ မရစကောင်းပါ။ လူတစ်ဦး တစ်ယောက်ချင်းဖြစ်စေ၊ အစုအဖွဲ့အနေဖြင့်ဖြစ်စေ၊ တိုင်းနိုင်ငံတစ်ခုချင်းဖြစ်စေ ပြောဆိုပြုမူ လုပ်ကိုင်ဆောင်ရွက်မှု မှန်သမျှသည် ဥပဒေနှင့်အညီသာ ဖြစ်ကြရသည်။ လူတစ်ဦးချင်း အနေဖြင့် "အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာကြုံရတတ်သည်"ဟုဆိုကြသည်။ အမှုကိစ္စများကြုံလာရသောအခါ ဥပဒေသည် လူနှင့်ပတ်သက်လာကြရတော့သည်။ ထိုအခါ သက်ဆိုင်သူအားလုံး ဥပဒေအရ ပြောကြဆိုကြ ကျင့်သုံးကြရန် ဥပဒေကို ဖတ်ရမှတ်ရ လေ့လာရတော့သည်။

ဥပဒေတစ်ခုကိုဖတ်ရှုလေ့လာကြရာတွင် ဖတ်ရှုသူ၏ စရိုက်လက္ခဏာနှင့် ပင်ကိုဓာတ်ခံ သဘောအရ ချဉ်းကပ်ဖတ်ရှုလေ့လာမှုပုံစံ အမျိုးမျိုးကိုတွေ့ရသည်။ ဥပဒေတစ်ခုတည်းကိုပင် ဖတ်ရှုသည့်ပုံစံအပေါ် မူတည်၍ ပေါ်ထွက်လာသည့် အကျိုးရလဒ်သည် မတူကွဲပြားခြားနားရသည်။ တစ်ဦးတည်းပင်လျှင် ဥပဒေတစ်ခုကို ဖတ်ရှုလေ့လာသည့်အခါ ဖတ်သည့်ပုံစံနှင့် ဖတ်သည့်စိတ်အခံအရ တစ်ခါနှင့်တစ်ခါ နားလည်သဘောပေါက်မှု၊ ရှုမြင်သုံးသပ်မှု မတူသည်ကိုတွေ့ရသည်။ ဤဥပဒေကိုပင် ပထမအကြိမ်ဖတ်တော့ တစ်မျိုး၊ နောက်တစ်ကြိမ်ဖတ်တော့ နောက်တစ်မျိုး မြင်နိုင်သည်။ မြင်တတ်သည်။ ဤသို့ဆိုလျှင် ဥပဒေကို မည်သို့ဖတ်ကြမည်နည်း။ လက်တွေ့နှင့်ယှဉ်ကာ စောကြောဆင်ခြင်ကြည့်ကြပါစို့။

## ဥပဒေကို ဘယ်ပုံဘယ်နည်း ဖတ်ကြမည်နည်း

ဥပဒေကိုဖတ်ကြရာတွင် အဓိကအားဖြင့် သာမန်သမားရိုးကျဖတ်ခြင်းနှင့် စိတ်ခံစားမှုအရ တစ်နည်းအားဖြင့် စိတ်အခံအစွဲဖြင့် ဖတ်ခြင်းဟူ၍ နှစ်မျိုးနှစ်စားတွေ့ရသည်။

သာမန်သမားရိုးကျဖတ်ခြင်းတွင် ဥပဒေကိုအောက်မှနေ၍ ဖတ်ခြင်း၊ ဥပဒေကို ရင်ပေါင်တန်း၍ ဖတ်ခြင်းနှင့် ဥပဒေကို အပေါ်စီးမှနေ၍ ဖတ်ခြင်းဟူ၍ သုံးမျိုးသုံးစားတွေ့ရပြန်သည်။

စိတ်၏ခံစားမှုအရ အစွဲဖြင့်ဖတ်ခြင်းတွင် ယေဘုယျအားဖြင့် လောဘဖြင့်ဖတ်ခြင်း၊ ဒေါသဖြင့်ဖတ်ခြင်း၊ ဘယာဖြင့်ဖတ်ခြင်း၊ မောဟဖြင့်ဖတ်ခြင်း၊ အတ္တမာနဖြင့်ဖတ်ခြင်းဟူ၍ ငါးမျိုးငါးစားရှိသည်ကို သတိထားမိသည်။ တစ်မျိုးစီ၏ အနှစ်ချုပ်ကိုရှင်းလင်းပါအံ့။

## ဥပဒေကို အောက်မှနေ၍ဖတ်ခြင်း

အချို့က ဥပဒေကို ဖတ်ရှုသည့်အခါ ဥပဒေ၏အောက်မှနေ၍ ဖတ်ရှုသည်ကို တွေ့ရသည်။ ထို့သို့ဖတ်လျှင်ဥပဒေကအထက်စီးရပြီး မိမိကနိမ့်ကျနေသည်။ ဥပဒေ ဆိုလိုရင်းကို လွယ်လွယ်နှင့် နားလည်သိရှိနိုင်မည်မဟုတ်။ ဥပဒေ၏ အဓိပ္ပာယ်သဘောကို မှန်မှန်ကန်ကန်ကောက်ယူနိုင်ဖို့ မဖြစ်နိုင်၊ မေးရမြန်းရသည်။ သူတစ်ပါးကို အားကိုးရသည်။ သူတစ်ပါး၏အကူအညီကို ယူရသည်။

## ဥပဒေကိုရင်ပေါင်တန်း၍ဖတ်ခြင်း

အချို့က ဥပဒေနှင့်ရင်ပေါင်တန်း၍ ဖတ်သည်။ ထို့သို့ဖတ်လျှင် ဥပဒေ၏ ဆိုလိုရင်းကို လွယ်လွယ်နှင့်သိရှိနားလည်နိုင်သည်။ ဥပဒေ၏ အဓိပ္ပာယ်သဘောကို မှန်မှန်ကန်ကန် ကောက်ယူနိုင်သည်။ သူ့အတွက်တော့ အဆင်ပြေသည်။ သို့သော် သူတစ်ပါးကို ရှင်းလင်းပြောကြားဖို့၊ သင်ကြားပြသပေးဖို့ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်။

## ဥပဒေကိုအပေါ်စီးမှနေ၍ ဖတ်ခြင်း

အချို့က ဥပဒေကိုဖတ်သည့်အခါ ဥပဒေ၏ အပေါ်စီးမှနေ၍ ဖတ်နိုင်သည်။ ထိုသို့ဖတ်လျှင် ဥပဒေ၏ ဆိုလိုရင်းကို အချိန်တိုအတွင်းမှာပင် ပိုင်ပိုင်နိုင်နိုင် ကောင်းစွာသိရှိနားလည်နိုင်သည်။ ဥပဒေ၏အဓိပ္ပာယ်သဘောကိုလည်း တိတိကျကျ၊ ခိုင်ခိုင်မာမာ၊ မှန်မှန်ကန်ကန်ကောက်ယူနိုင်သည်။ မိမိအတွက်သာမက သူတစ်ပါးကိုလည်း ရှင်းလင်းပြောကြားဖို့၊ သင်ကြားပြသပေးဖို့ စွမ်းဆောင်နိုင်စွမ်းရှိသည်။ တစ်ပါးသူ၏ အားကိုးခြင်းကို ခံရသည်။

ဤသည်တို့ကား သာမန်သမားရိုးကျဖတ်ခြင်းတွင် တွေ့ရသော အမျိုးအစားသုံးမျိုးဖြစ်သည်။ ဥပဒေကို အောက်မှနေ၍ ဖတ်ခြင်းမျိုးမဟုတ်ဘဲ၊ ရင်ပေါင်တန်း၍ ဖတ်နိုင်အောင် လေ့ကျင့်သင်ယူပါ။ ရင်ပေါင်တန်း၍ ဖတ်နိုင်သည့်အဆင့်သို့ ရောက်ရှိလာလျှင် အားရကျေနပ်မနေပါနှင့်။ အပေါ်စီးမှနေ၍ ဖတ်နိုင်အောင် ကြိုးစားအားထုတ်ပါ။

## လောဘဖြင့်ဖတ်ခြင်း

မိမိဖြစ်စေချင်သည့် မိမိအလိုရှိသည့်အဖြေရအောင် ဦးတည်၍ ဥပဒေကိုဖတ်လျှင် လောဘဖြင့် ဖတ်သည်ဟု မှတ်ယူရာ၏။ တစ်နည်းအားဖြင့် မိမိဆန္ဒရှိသည့်အတိုင်း ဖြစ်မြောက်အောင် ဖတ်ခြင်းဖြစ်၍ ဆန္ဒစွဲဖြင့်ဖတ်သည်ဟု မှတ်ယူရာ၏။ လောဘဖြင့်ဖတ်လျှင် အမှန်ကို မမြင်။ လိုတာရအောင် လိုတာကို ရှာဖွေဖတ်တတ်၏။ လိုရာကို ဆွဲ၍ လိုရာကို အဖြေထုတ်တတ်၏။ လောဘဖက်လေ၊ ရတက်ပွေနေ၊ ရလေလိုလေ အိုတဏှာလိုဖြစ်နေတတ်သည်။

## ဒေါသဖြင့်ဖတ်ခြင်း

အငြိုးထားသောစိတ်၊ အမုန်းပွားသောစိတ်များဖြင့် ဥပဒေကို ဖတ်လျှင် ဒေါသဖြင့်ဖတ်သည်ဟု မှတ်ယူရာ၏။ ဒေါသဖြင့်ဖတ်လျှင် တရားမျှတမှုကို မဖော်ထုတ်နိုင်။ တစ်ပါးသူအား မတရားသဖြင့် နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေ၏။ မတရားသဖြင့် ခံရစေတတ်၏။ ဥပဒေကို အလွန်အကျွံသုံးစွဲရာ ရောက်စေတတ်၏။ ဒေါသရှေ့ထား၊ ပြုကျင့်ငြားက၊ အမှားတစ်ရာ၊ ကြုံတတ်လာသည်၊ ဘယ်မှာနိဂုံး၊ ဆုံးအံ့နည်း။

## မောဟဖြင့်ဖတ်ခြင်း

ဟုတ်၏ မဟုတ်၏။ မှန်၏မမှန်၏။ တရား၏ မတရား၏တို့ကို ဝေဖန်ပိုင်းခြား သိမြင်နိုင်စွမ်း မရှိဘဲဖြစ်စေ၊ မည်သို့အဖြေရှာရမည်ကို မသေချာ မရေရာဘဲနှင့်ဖြစ်စေ တွေဝေ၍ ဥပဒေကိုဖတ်လျှင် မောဟဖြင့် ဖတ်သည်ဟု မှတ်ယူရာ၏။ မောဟဖြင့်ဖတ်လျှင် မှန်ကန်သော ရလဒ်အဖြေကိုမထုတ်နိုင်။ အမှန်တရားနှင့် အလှမ်းဝေးစေတတ်၏။ မတရားမှုဖြစ်ပေါ်စေ၏။ မောဟဖုံးငြား၊ အမှန်အမှား၊ မခွဲခြားနိုင်၊ ယိမ်းယိုင်အဖြေ၊ ထုတ်တတ်လေ၏၊ တွေဝေခြင်းမှ၊ ကင်းကြစေ။

## ဘယာဖြင့်ဖတ်ခြင်း

တစ်စုံတစ်ရာသော ဩဇာလွှမ်းမိုးမှု၊ ဖိအားပေးခံရမှုတို့ကြောင့် မိမိ၏အကျိုးစီးပွား ထိခိုက်ပျက်စီး ဆုံးရှုံးသွားလိမ့်မည်ဟူ၍ စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်၊ ပူပန်စိတ်တို့ဖြင့် ဥပဒေကိုဖတ်လျှင် ဘယာဖြင့်ဖတ်သည်ဟု မှတ်ယူရာ၏။ ဘယာဖြင့်ဖတ်လျှင် ကြောက်စိတ်ဝင်၍ အမှန်မမြင်တော့၊ တရားမျှတမှု ပျောက်ပျက်သွားစေသည်။ ဘယာဖြစ်လျှင်၊ ကြောက်စိတ်ဝင်၍၊ ဆင်ခြင်ကင်းပျောက်၊ အမှားရောက်၏။

## အတ္တမာနဖြင့်ဖတ်ခြင်း

မိမိသာ တော်သည် တတ်သည်။ မိမိသာသိသည် နားလည်သည်ဟူသော စိတ်ဖြင့် ဥပဒေကိုဖတ်လျှင်အတ္တမာနဖြင့်ဖတ်သည်ဟု မှတ်ယူရာ၏။ အတ္တမာနဖြင့်ဖတ်လျှင် တစ်ပါးသူရရှိသည့် အဖြေကို လက်မခံတတ်၊ လက်ခံနိုင်စွမ်းမရှိ။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိမိရရှိသောအဖြေကိုသာ မှန်ကန်သည်ဟူ၍ စွဲစွဲမြဲမြဲ ပြောဆိုတက်၏။ အတ္တစွဲလျှင် အယူလွဲတော့သည်။ မာနတက်လျှင် အခက်တွေ့တော့သည်။ အတ္တအစွဲ၊ အယူလွဲ၍၊ တလွဲမာန၊ ရှိပြန်ကလည်း၊ အမှန်မရောက်၊ အလင်းပျောက်၏။

ဤသည်တို့ကား စိတ်၏ခံစားမှုအရ ဖတ်ခြင်းတွင် ယေဘုယျအားဖြင့် သတိထားမိသော အမျိုးအစားငါးမျိုးဖြစ်သည်။ ဥပဒေကို စိတ်၏ခံစားမှုဖြစ်သော လောဘ (ဆန္ဒ)၊ ဒေါသ၊ ဘယာ၊ မောဟနှင့် မာနတို့ဖြင့် ဖတ်ခြင်းမှ ရှောင်ကြဉ်နိုင်ကြပါစေ။

## စိတ်၏ခံစားမှုအရ အစွဲဖြင့်ဖတ်ခြင်း၏ ရလဒ်များ

ဥပဒေကိုစိတ်၏ ခံစားမှုဖြစ်သော လောဘ(ဆန္ဒ)၊ ဒေါသ၊ ဘယာ၊ မောဟ၊ အတ္တမာန စသည့်အစွဲတို့ဖြင့် ဖတ်ကြလျှင် အဖြေမှာ မိမိ၏ စိတ်ခံစားမှုအတိုင်းပင် ထွက်ပေါ်လာတတ်သည်။ အမှန်တရားကို မရရှိနိုင်။ တရားမျှတမှု ဆုံးရှုံးစေသည်။ တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းစေသည်။ ဥပဒေ၏ အနှစ်သာရဖြစ်သော လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဆိုသော လောကပါလတရားကို ဖျက်ဆီးရာ ရောက်စေတတ်သကဲ့သို့ ဖတ်ရှုကြသူတို့၏ ကိုယ်ကျင့်သိက္ခာ ပျက်ပြားစေတတ်သည်။ စိတ်၏ ကြည်လင်သန့်ရှင်းမှု ညစ်နွမ်းစေတတ်သည်။ အတွေးအခေါ်၊ အသိအမြင်၊ အယူအဆများ ပရမ်းပတာ ဖြစ်စေတတ်သည်။

## မည်သို့ဖတ်ရပါမည်နည်း

ဥပဒေကို အစွဲကင်းကင်း၊ အစွန်းလွတ်လွတ်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ဤသို့ ဖတ်ရှုသင့်ပါသည် -

(၁) ရိုးသားဖြောင့်မတ်သော၊ တရားမျှတမှုကို လိုလားသော၊ ဘက်လိုက်မှုကင်းသော ၊ လွတ်လပ်မှုရှိသော ဥပဒေစိတ်ထားဖြင့် ဖတ်ပါ။

(၂) ပကတိအတိုင်း တွေးသော၊ အရှိကိုအရှိအတိုင်း တွေးသော၊ အစွန်းနှစ်ပါးကိုရှောင်၍ တွေးသော ဥပဒေအတွေးဖြင့် ဖတ်ပါ။

(၃) ကိုယ်ချင်းစာနာတရားကို ရှုမြင်တတ်သော ကိုယ်ချင်းစာနာ အမြင်ဖြင့်မြင်သော ဥပဒေအမြင်ဖြင့်ဖတ်ပါ။

(၄) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား၏ တရားကိုယ်သဘောကိုသိသော ဥပဒေအသိဖြင့် ဖတ်ပါ။

## ဓမ္မဓိဋ္ဌာန်ကျကျဖတ်ခြင်း၏ ရလဒ်

အထက်ဖော်ပြပါ ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတို့ဖြင့် ဖတ်ခြင်းကိုပင်လျှင် ဓမ္မဓိဋ္ဌာန်ကျကျဖတ်ခြင်း ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဥပဒေကို ဓမ္မဓိဋ္ဌာန်ကျကျ ဖတ်လျှင်မှန်ကန်သော၊ တရားမျှတသော၊ အများယုံကြည်လက်ခံနိုင်သော ရလဒ်အဖြေတွေ ထုတ်ဖော်ပေးနိုင်မည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းအဖြစ်မျိုး ကင်းစင်သွားမည်။ အစွဲကင်း၍ အစွန်းလွတ်သော ပကတိအရှိ အမှန်တရားကို ဖော်ထုတ်နိုင်မည်။ တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းစေမည်။ လူ့ဘောင်လောကတစ်ခုလုံး တည်ငြိမ်အေးချမ်း၍ သာယာဝပြောမည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းလင်းလွှမ်းခြုံထားနိုင်သကဲ့သို့ ထိုသို့ဖတ်ကြသူများ၏ ကောင်းသောဂုဏ် ကောင်းသောသတင်းများ ထင်ရှားကျော်ကြား၍ ဘုန်းတန်ခိုးဩဇာ တောက်ပြောင် နေမည်ဖြစ်သည်။

## သတိမူကြပါ

ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာဖြစ်သည်ဟူ၍ ဆိုစမှတ်ပြုကြ၏။ ဥပဒေကို ဖတ်သောသူများက အကျင့်သိက္ခာရှိမှသာ ဥပဒေပညာသည်လည်း အကျင့်သိက္ခာနှင့်ပြည့်စုံသည့် ပညာဖြစ်သည်ဟူသော ဆိုရိုးစကားသည် ထည်ဝါဝင့်ကြွားစွာ တလူလူလွင့်နေမည်ဖြစ်၏။ ဥပဒေဖတ်သူများ အကျင့်သိက္ခာပျက်ယွင်းနေပါလျှင် အကျင့်သိက္ခာနှင့်ပြည့်စုံသော ဥပဒေပညာသည်လည်း တိမ်ဖုံးသည့် လမင်းပမာ မထွန်းလင်းနိုင်ဘဲ မှေးမှိန်ညှိုးငယ်နေမည်ဖြစ်၏။

ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသောလုပ်ငန်းသည် မြင့်မြတ်သောလုပ်ငန်းဖြစ်သည်ဟူ၍ ဆိုစမှတ်ပြုကြ၏။ ဤတွင် သတိပြုကြရမည်မှာ ဥပဒေကို ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတို့ဖြင့် အစွဲကင်းကင်း အစွန်းလွတ်လွတ် ဖော်ဆောင်လုပ်ကိုင် ဆောင်ရွက်ကြမှသာ မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းအသွင် ဆောင်မည်ဖြစ်၏။ ဥပဒေကို လောဘ(ဆန္ဒ)၊ ဒေါသ၊ ဘယာ၊ မောဟ၊ အတ္တမာနတို့ဖြင့် ဖော်ဆောင်လုပ်ကိုင် ဆောင်ရွက်ကြပါလျှင် မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းဟု မခေါ်ဆိုထိုက်။ မသန့်ရှင်းသော၊ ညစ်ထေးသော၊ ယုတ်ညံ့သော လုပ်ငန်းအဖြစ်သို့ ရောက်ရှိသွားမည် ဖြစ်ကြောင်းပါဗျာ။

ဥပဒေကိုဖတ်ရှုကြသည့်အခါ -

ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတို့ဖြင့် ဖတ်တတ်ကြပါစေ။

လောဘ(ဆန္ဒ) စိတ်၊ ဒေါသစိတ်၊ ဘယာစိတ်၊ မောဟစိတ်၊ အတ္တမာနစိတ်တို့ ကင်းရှင်းစွာဖြင့် ဖတ်နိုင်ကြပါစေ။

အစွဲကင်းကင်း အစွန်းလွတ်လွတ်ဖြင့် ဖတ်နိုင်ကြပါစေ။

> "ဥပဒေဖတ်သူများ အကျင့်သိက္ခာပျက်ယွင်းနေပါလျှင် အကျင့်သိက္ခာနှင့်ပြည့်စုံသော ဥပဒေပညာသည်လည်း တိမ်ဖုံးသည့် လမင်းပမာမထွန်းလင်းနိုင်ဘဲ မှေးမှိန်ညှိုးငယ်နေမည်ဖြစ်. . . ဥပဒေကို ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတို့ဖြင့် အစွဲကင်းကင်း အစွန်းလွတ်လွတ် ဖော်ဆောင်လုပ်ကိုင်ဆောင်ရွက်ကြမှသာ မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းအသွင် ဆောင်မည်ဖြစ် . . ."



# ဂျွန်ဟွန်းအတွက် တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကို ရွှေ့ဆိုင်းခဲ့တဲ့ EXO

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကို ငါးရက်ခန့်နောက်ကို ရွှေ့ဆိုင်းခဲ့တာ ဖြစ်ပါတယ်၊ ဒီလိုရက်ကို နောက်ကျမှ ထုတ်လွှင့်ဖို့ရာ ဆုံးဖြတ်ခဲ့ရတာကတော့ လတ်တလောမှာ ကွယ်လွန်သွားခဲ့တဲ့ "SHINee"တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်သူ ဂျွန်ဟွန်းကြောင့် ဖြစ်ပါတယ်၊ ဂျွန်ဟွန်း အသုဘအခမ်းအနားရှိနေပြီး ကေပေ့ါပ် ကြယ်ပွင့်ရဲ့ နောက်ဆုံးခရီးကို လေးစားဂါရဝ ပြုတဲ့အနေနဲ့ သူ့ရဲ့အသုဘနဲ့ တိုက်ဆိုင်နေတဲ့ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကို ယခုလို ရက်အနည်းငယ်ရွှေ့ခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွန်ဟွန်းအတွက် ဝမ်းနည်းမှုတွေကို အလေးထားတဲ့အနေနဲ့ EXO တေးဂီတ အဖွဲ့ရဲ့ ဒီဇင်ဘာ ၂၁ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတဲ့ တေးအယ်လ်ဘမ်ကို သတ်မှတ်ရက်မှာ မထုတ်လွှင့်တော့ဘဲ လာမယ့် ဒီဇင်ဘာ ၂၆ ရက်မှာမှ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အက်စ်အမ် အန်တာတိန်းမန့်ရဲ့ လက်အောက်မှာ လှုပ်ရှားနေခဲ့ကြတဲ့ အနုပညာရှင်အားလုံးဟာ သူတို့ရဲ့ တေးဂီတ လှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားကာ ဂျွန်ဟွန်းအတွက် ပူဆွေးနေခဲ့ကြတာဖြစ်ပါတယ်။ အက်စ်အမ်ရဲ့ အနုပညာရှင်တစ်ဦး ဖြစ်တဲ့ ဂျွန်ဟွန်းဟာ "SHINee"ရဲ့ အဓိက တေးသံရှင်တစ်ဦးဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့ခြင်းဖြစ်ကာ ကွယ်လွန်ချိန်မှာတော့ အသက်(၂၇)နှစ်အရွယ်သာ ရှိသေးတာဖြစ်ပါတယ်။ ဂျွန်ဟွန်းရဲ့နောက်ဆုံးခရီးမှာ လိုက်ပါဂါရဝပြုခဲ့ကြတဲ့ EXO တေးဂီတ အဖွဲ့ဟာ လာမယ့် ခရစ္စမတ်နဲ့ ဆောင်းရာသီ အတွက် ရည်ရွယ်ထုတ်လွှင့်သွားမယ့် တေးအယ်လ်ဘမ်သစ် "Universe" ကို ရက်ရွှေ့ထုတ်လွှင့်သွားမှာ ဖြစ်ကြောင်း ဂျွန်ဟွန်း ကွယ်လွန်ပြီးနောက်နေ့မှာ ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့် ရက်ရွှေ့ဆိုင်းခဲ့ကြောင်းကိုတော့ EXO က အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက် စာမျက်နှာပေါ်ကနေတစ်ဆင့် ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုရက်ရွှေ့ဆိုင်းခဲ့တဲ့အပေါ် ပရိသတ်တွေကို နားလည်ပေးကြဖို့ တောင်းဆိုပါကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

EXO ကဲ့သို့ ဂျွန်ဟွန်းအတွက် အနုပညာ လှုပ်ရှားမှုတွေကို ရွှေ့ဆိုင်း၊ ဖျက်သိမ်းခဲ့ကြတဲ့ အနုပညာရှင်များစွာ ရှိနေတာ ဖြစ်ပါတယ်။ အဲဒီအနုပညာရှင်တွေထဲမှာတော့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Twice" နဲ့ အမျိုးသားတေးဂီတ အဖွဲ့တွေဖြစ်ကြတဲ့ "Seventeen"နဲ့ "BTOB"တို့လည်း ပါဝင်နေပါတယ်။ "Twice" ကတော့ အဖွဲ့ရဲ့ တေးသီချင်းသစ် "Merry & Happy" အတွက် တေးဗီဒီယိုသစ်ထုတ်လွှင့်မယ့်ရက်ကို ရွှေ့ဆိုင်းထားကြောင်း ကြေညာခဲ့တာ ဖြစ်ပါတယ်။

အလားတူ "Seventeen" ကလည်း သူတို့ရဲ့ အပတ်စဉ်ထုတ်လွှင့်တဲ့ " Going Seventeen "ရဲ့ နောက်ဆုံးအပိုင်းထုတ်လွှင့်မှုကို ရွှေ့ဆိုင်းခဲ့တာဖြစ်ပြီး အဖွဲ့ရဲ့ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ ပလီဒစ်အန်တာတိန်းမန့်ရဲ့ ပြောကြားချက်အရ ကွယ်လွန်သွားပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့်ကို ဂါရဝပြုတဲ့အနေနဲ့ ထုတ်လွှင့်မှုကို တစ်ပတ်ရွှေ့ဆိုင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ "BTOB"ကလည်း အဖွဲ့ရဲ့ "2017 BTOB Time Our"တေးဂီတ ဖျော်ဖြေပွဲကို ကျင်းပမယ့်ရက်ရွှေ့ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် စုစည်းသည်**

# စံချိန်သစ် တင်နိုင်ခဲ့တဲ့ Black Knight

လတ်တလော တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Black Knight"ဟာ အပြိုင်ပြသနေတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူ အများဆုံးပိုင်ဆိုင်ထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး ယင်းရုပ်ရှင်ဟာ ထုတ်လွှင့်ခဲ့သမျှသော ဇာတ်လမ်းတွဲတွေအနက် ပရိသတ်ကြည့်ရှုမှုနှုန်း အများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်ထားနိုင်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Black Knight"ဟာ KBS 2TV ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်လျက်ရှိတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာ ၆ ရက်မှာ စတင်ထုတ်လွှင့်ခဲ့ကာ လတ်တလောမှာတော့ အပိုင်း ငါးပိုင်း ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအချိန်မှာတော့ ကြည့်ရှုမှုနှုန်း ၁၀ ဒသမ ၄ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကာ အပြိုင်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲအားလုံးထက် ကြည့်ရှုမှုနှုန်း မြင့်မားခဲ့တာဖြစ်ပါတယ်။

အဆိုပါဇာတ်လမ်းတွဲမှာ ခေါင်းဆောင်မင်းသား မင်းသမီးတွေအဖြစ် ကမ်ရေဝန်နဲ့ ရှင်ဆယ်ကွန်းတို့က ပါဝင်ထားတာဖြစ်ပြီး စုစုပေါင်း အပိုင်း ၁၆ ပိုင်း ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းဇာတ်လမ်းတွဲရဲ့ ခေါင်းဆောင်မင်းသမီးဖြစ်တဲ့ ရှင်ဆယ်ကွန်းဟာ လတ်တလောမှာ ကွယ်လွန်သွားခဲ့တဲ့ ကေပေ့ါပ်ကြယ်ပွင့် ဂျွန်ဟွန်းနဲ့ ချစ်သူတွေအဖြစ် လအတော်ကြာ လက်တွဲခဲ့သူတစ်ဦးဖြစ်ပြီး ဂျွန်ဟွန်းကို နောက်ဆုံးအနေနဲ့ လာရောက်နှုတ်ဆက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

"Black Knight"ဟာ သဘာဝလွန်ဖြစ်ရပ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး နှစ်ပေါင်း ၂၀၀ ကျော်ကြာမြင့်ခဲ့တဲ့ အချစ်ဇာတ်လမ်းတစ်ခုကို ပုံဖော်ထားတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီရုပ်ရှင်မှာတော့ ဖြူစင်တဲ့ အချစ်တစ်ခုက အချစ်အတွက်နဲ့ တွေ့ကြုံရမယ့် အန္တရာယ်တွေကို ရဲရဲကြီးရင်ဆိုင်ခဲ့ပုံတွေကိုလည်း တွေ့မြင်ခံစားရမှာ ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်နဲ့ အပြိုင်ထုတ်လွှင့်ပြသလျက်ရှိတဲ့ "Nothing to Lose"ဇာတ်လမ်းတွဲကတော့ ကြည့်ရှုမှုနှုန်း ခြောက် ဒသမ ရှစ် ရာခိုင်နှုန်းရှိနေပြီး "I'm Not A Robot" ကတော့ နှစ် ဒသမ ခြောက် ရာခိုင်နှုန်း ရရှိထားတယ်လို့လည်း သိရပါတယ်။






# ကေပေ့ါပ်ကြယ်ပွင့်တို့ ငိုကြတဲ့နေ့

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၈ ရက်မှာ ကွယ်လွန်သွားခဲ့တဲ့ "SHINee"အဖွဲ့ဝင် ဂျွန်ဟွန်းရဲ့ အသုဘအခမ်းအနားကို ကျင်းပခဲ့ရာမှာတော့ အက်စ်အမ်အန်တာတိန်းမန့်လက်အောက်မှာ လှုပ်ရှားနေကြတဲ့ အနုပညာရှင်တွေအားလုံးတက်ရောက်ခဲ့ကာ ဝမ်းနည်းစွာငိုကြွေးခဲ့ကြတာကို စိတ်မကောင်းဖွယ် တွေ့မြင်ခဲ့ရပါတယ်။

ဂျွန်ဟွန်းရဲ့ အသုဘအခမ်းအနားကိုတော့ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီ(ဒေသစံတော်ချိန်)မှာ ကျင်းပခဲ့တာဖြစ်ပြီး အသုဘအခမ်းအနားကိုတော့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ဟိုနဲ့ ဂျွန်ဟွန်းရဲ့ ညီမဖြစ်သူတို့က ဦးဆောင်ခဲ့တာကို တွေ့ရပါတယ်။ ဂျွန်ဟွန်းရဲ့ အလောင်းထည့်ထားတဲ့ အခေါင်းကိုတော့ "SHINee" ရဲ့ အခြားသော အဖွဲ့ဝင်တွေဖြစ်ကြတဲ့ အိုနယူး၊ ကီး၊ တေးမင်နဲ့အတူ "Super Junior"တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ လီတက်ခ်၊ ဒေါင်ဟီးနဲ့ အွန်းဟွတ်ခ်တို့က သယ်ဆောင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၁ ရက်မှာတော့ ဆိုးလ်အာရှဆေးရုံမှာ အက်စ်အမ်အန်တာတိန်းမန့်က ကြယ်ပွင့်တွေနဲ့ ဂျွန်ဟွန်းကို ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်တွေ စုဝေးကာ ပေ့ါပ်ကြယ်ပွင့်ရဲ့ နောက်ဆုံးခရီးကို ပို့ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ ယင်းအခမ်းအနားမှာ "SHINee"အဖွဲ့သားတွေဟာ စိတ်ဓာတ်ခိုင်မာတဲ့ပုံ ဟန်ဆောင်ထားပေမယ့် သူတို့ရဲ့ မျက်နှာပေါ်က ဝမ်းနည်းမှုတွေကိုလည်း အတိုင်းသားမြင်တွေ့နေရပါတယ်။ ဒါပေမယ့် ကီးကတော့ အသုဘမှာ မထိန်းချုပ်နိုင်အောင်ဘဲ သည်းထန်စွာငိုကြွေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျွန်ဟွန်းကို မျက်ရည်တွေနဲ့ လာရောက်နှုတ်ဆက်ခဲ့ကြသူတွေထဲမှာ "Girls' Generation"ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ယွန်န၊ တေးယွန်၊ ယူရီနဲ့ ဟိုယွန်းတို့အပြင် အဖွဲ့ဝင်ဟောင်းဖြစ်တဲ့ ဆိုယောင်းနဲ့ ဆိုးဟွန်တို့လည်း ပါဝင်နေပါတယ်။ ဒါ့အပြင် "f(x)"ရဲ့ ခရစ်စတယ်လ်၊ ကန်တ၊ "Red Velvet"ရဲ့ ရယ်ရီနဲ့ "Super Junior"ရဲ့ ချွိုင်စီဝမ်တို့လည်း ပါဝင်နေတာတွေ့ရပါတယ်။

ဒါ့အပြင် အသုဘအခမ်းအနားကို ဂျွန်ဟွန်းရဲ့ ပရိသတ် ထောင်နဲ့ချီကာ လာရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ကမ္ဘာတစ်ဝန်းမှာလည်း ဂျွန်ဟွန်းအတွက် ဆုတောင်းပွဲတွေကို နေရာအနှံ့အပြားမှာ ပြုလုပ်ခဲ့ကြပြီး ဒီလိုပြုလုပ်ခဲ့ကြတဲ့ နိုင်ငံတွေထဲမှာ ချီလီ၊ ရုရှား၊ မက်ဆီကိုနဲ့ အမေရိကန်နိုင်ငံတွေလည်း ပါဝင်နေကြောင်း သိရပါတယ်။

## အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်(ဗဟိုအဆင့်) ပြိုင်ပွဲဝင်ကြမည့်သူများအား ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် ဒီဇင်ဘာ ၂၁**
အခြေခံပညာမူလတန်းအဆင့် (စတုတ္ထတန်း)နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် (ဗဟိုအဆင့်) ပြိုင်ပွဲအား ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ကယားပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့ ပညာ့ဗိမာန်ခန်းမ၌ တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဗဟိုအဆင့် စွမ်းရည်ပြိုင်ပွဲသို့ ယှဉ်ပြိုင်မည့် ပြည်နယ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် အုပ်ချုပ်သူ နည်းပြဆရာမ နှစ်ဦး စုစုပေါင်း ၁၂ ဦးအတွက် ကျပ် ၃၆၀၀၀၀ ထောက်ပံ့ချီးမြှင့်ခဲ့ပြီး ဗဟိုအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် မယ်စဲ့မြို့နယ် ပညာရေးမှူးတို့က ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဗဟိုအဆင့်သို့ လွိုင်ကော်မြို့နယ်မှ ခုနစ်ဦး၊ ဒီးမော့ဆိုမြို့နယ်မှ နှစ်ဦးနှင့် မယ်စဲ့မြို့နယ်မှ တစ်ဦး စုစုပေါင်း ၁၀ ဦး ဝင်ရောက်ဖြေဆိုခွင့်ရရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့ တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စားသုံးရန်မသင့်သော အစားအသောက်များနှင့် သက်တမ်းလွန်ပစ္စည်းများ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**ဒီးမော့ဆို ဒီဇင်ဘာ ၂၁**
ကယားပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးကိုကိုကျော်၊ ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြို့ရီနှင့် ဝန်ထမ်းများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ ပူးပေါင်း၍ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များ စားသုံးနိုင်ရန်အတွက် နိုင်ငံတော်မှ တားမြစ်ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် ဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် မြို့မဈေး၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သော အဖွဲ့များက ဈေးအတွင်းစစ်ဆေးရာတွင် စားသုံးရန်မသင့်သော ရွှေဟင်္သာ အရောင်တင်မှုန့်၊ ဒါးနှစ်လက် အရောင်တင်မှုန့်၊ လင်းလင်းဖြိုး မရွှေးမုန့်နှင့် သက်တမ်းလွန် အစားအသောက်များဖြစ်သော ရှမ်းရွှေတောင်လက်ဖက် နှစ်ပြန်ကြော်၊ DIIO နို့ဆီ၊ BAhIN ထောပတ်ကိတ်ခြောက်များကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး နောင်တွင် စားသုံးရန် မသင့်သော အစားအသောက်များ၊ သက်တမ်းလွန် ပစ္စည်းများ ဆက်လက်ရောင်းချခြင်း မရှိစေရေး အတွက် ဆိုင်ရှင်များအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့် မီးဘေးလုံခြုံရေး အသိပညာပေး

**ဖာပွန် ဒီဇင်ဘာ ၂၁**
ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်း အများပြည်သူများ သိရှိအောင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်အောင်က မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးအောင်မြင့်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြည်သူများ သိရှိစေရန် အချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် မီးဘေးအန္တရာယ် ဆောင်ရွက်ချက်အဖြစ် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ အသိပညာပေးလုပ်ငန်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းပို့ချခဲ့ပြီး အများပြည်သူနှင့် သက်ဆိုင်သည့် စားသောက်ဆိုင်များနှင့် အိမ်ဈေးဆိုင်များကိုလည်း မီးဘေးဆိုင်ရာများ စစ်ဆေးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးဆက်သစ်(ဘားအံ)**

## ကော့သောင်းမြို့တွင် ကလေးစာပေပွဲတော်ကျင်းပမည်

**ကော့သောင်း ဒီဇင်ဘာ ၂၁**
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းဆောင်ရွက်မည့် ကလေးစာပေပွဲတော်(ကော့သောင်း) ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နံနက် ၈ နာရီမှ ၁၁ နာရီထိ ကော့သောင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကလေးစာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ကာတွန်းပြခန်း၊ ကဗျာပြခန်းအပြင် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားပွဲများ အပါအဝင် ကျောင်းသူ၊ ကျောင်းသားအရွယ်ကလေးငယ်များ ပြင်ပဗဟုသုတတိုးပွားစေရေး ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ စားသုံးရန်မသင့်သည့်အစားအသောက်များ၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ မြန်မာနိုင်ငံတောင်ဘက်စွန်း ပင်လယ်ပျော် ဆလုံလူမျိုးများ၏ နေထိုင်မှုဓလေ့စရိုက်များ ၊ စနစ်တကျအမှိုက်စွန့်ပစ်တတ်လာရေး ၊ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ဖြစ်ပေါ်လျက်ရှိသည့် လူမှောင်ခို၊ လူကုန်ကူးမှုအသိပညာပေးခြင်းဆိုင်ရာများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာအသိပညာများ စသည့် ဓာတ်ပုံပြခန်းများ ခင်းကျင်းပြသပါရှိမည်ဖြစ်ကြောင်း၊ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့် ရင်းနှီးပြီး စာပေဝါသနာနှင့် စာဖတ်ခြင်းအလေ့အထများ တိုးပွားလာရေး၊ ကလေးများအား ပျော်ရွှင်မှုဖန်တီးပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မီးဘေးအန္တရာယ်လုံခြုံရေး သရုပ်ပြလေ့ကျင့်မှုများ အလေးထားဆောင်ရွက်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၁**
ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နှင့်အဖွဲ့သည် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ဌာနရုံးအဆောက်အအုံ မီးဘေးလုံခြုံစိတ်ချရမှုရှိစေရန်နှင့် မီးဘေးအန္တရာယ်အား လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးအန္တရာယ်လုံခြုံရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နှင့်အဖွဲ့က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၏ လမ်းညွှန်မှုဖြင့် မီးဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် လောင်စာဆီ မီးလောင်မှုသရုပ်ပြလေ့ကျင့်ခြင်း၊ အသုံးအဆောင်ပစ္စည်းများ မီးလောင်နေမှု သရုပ်ပြလေ့ကျင့်ခြင်းများကို မီးငြိမ်းသတ်ပစ္စည်းများဖြင့် စနစ်တကျ မီးငြိမ်းသတ်နည်းများ ပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ မီးဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်မှုများ ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် မီးဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများကိုလည်း ပိုမိုနည်းပါးစေနိုင်ကြောင်း ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



မီးဘေးကြုံတွေ့လျှင် ကြိုတင်ကာကွယ်နိုင်ရန် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြ

**ကနီ ဒီဇင်ဘာ ၂၁**
စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ မီးဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် ရှေးဦးကြိုတင်ကာကွယ်နိုင်ရန် ရုံးဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဒီဇင်ဘာ ၂၀ ရက်က အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသရာတွင် ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ခံဦးစီးမှူး ဦးထိန်လင်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား မီးသတ်ဆေးဘူး အသုံးပြုပုံ နည်းစနစ်များကို ရှင်းလင်းပြသခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသက်နှင့် ဝန်ထမ်းများက မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်တို့ဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

"အခုလို လက်တွေ့မီးငြိမ်းသတ်မှု ဆောင်ရွက်ရခြင်းဟာ ရုံးဝန်ထမ်းတွေအနေနဲ့ မိမိတို့ရုံးမှာသာမက မိမိတို့အိမ်မှာဖြစ်စေ မီးဘေးအန္တရာယ်နဲ့ ကြုံတွေ့လာရင် မီးသတ်ဆေးဘူးကို အသုံးပြုပြီး ရှေးဦးကာကွယ်မှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနနဲ့ ပူးပေါင်းကာ ဝန်ထမ်းတွေကို မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းဖြစ်ပါတယ်"ဟု မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသက်က ပြောသည်။

အဆိုပါ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲသို့ ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်စိုးတက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းလေ့လာ

**မုဒုံ ဒီဇင်ဘာ ၂၁**
မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်ထက်ထက်စံနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်က အခွန်ကျေးရွာအုပ်စု မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေအား သွားရောက်လေ့လာခဲ့သည်။

မြစိမ်းရောင်ချေးငွေရယူ၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အသင်းသား တစ်ဦးချင်းစီ၏ ချေးငွေရမီ အခြေအနေနှင့် ချေးငွေရယူပြီး ဝင်ငွေတိုးပွားမှုအခြေအနေများ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှု အခြေအနေများ၊ အလုပ်အကိုင် အခွင့်အလမ်းတိုးပွားလာမှု အခြေအနေများအား အသေးစိတ် လေ့လာခဲ့ကြကြောင်း သိရသည်။

**သက်မှူး**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီစည်းဝေး

**ဟားခါး ဒီဇင်ဘာ ၂၁**
ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ (၃/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါးလ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က ချင်းပြည်နယ်၏ သဘာဝဂေဟစနစ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ထွန်းလင်းက ချင်းပြည်နယ်၏မြို့ပြ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ စွန်ထောင်းလူငယ်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ချင်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ချင်းပြည်နယ်၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ခိုင်(ပြန်/ဆက်)**

# တိုင်းရင်းဆေးနှင့်နိုဘယ်လ်ဆု

ဇာနည်စိုးထွဋ်

၂၀၁၅ ခုနှစ်အတွက် ဇီဝကမ္မဗေဒနှင့် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆု (Nobel prize for Physiology and Medicine) ကို ဆေးပညာသုံးဦးတို့ ပူးတွဲရရှိသွားရာမှာ တစ်ကမ္ဘာလုံးကို အံ့အားသင့်သွားစေသူကတော့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အသက် (၈၁)နှစ်ရှိ ဒေါက်တာ ဇူယူယူ (Dr.Tu Youyou)ဖြစ်ပါတယ်။ အဆိုပါ အမျိုးသမီးဟာ ဂျပန်နိုင်ငံက Dr. Omura Satoshi၊ အမေရိကန်ပြည်ထောင်စုက Dr. William C.Campbell တို့နဲ့ ပူးတွဲပြီး ဒီဆုကို ရရှိသွားတာ ဖြစ်ပါတယ်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့**

ဆုရရှိသွားတဲ့ စွမ်းဆောင်မှုကတော့ ငှက်ဖျားရောဂါကို ကုသပျောက်ကင်းစေနိုင်တဲ့ တိုင်းရင်းဆေးပင် Plasmodium falciparum ရဲ့ သန့်စင်ထုတ်လုပ်တဲ့ ဆေးဝါးကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၀၉ ခုနှစ်မှာ ထုတ်ပြန်တဲ့ အစီရင်ခံစာအရ ကမ္ဘာပေါ်မှာ လူသန်းပေါင်း ၂၅၀ ခန့်ဟာ ငှက်ဖျားရောဂါကူးစက်ခံနေရပြီး လူတစ်သန်းခန့် သေဆုံးနေရတယ်လို့ဆိုပါတယ်။

ဇီဝကမ္မဗေဒနှင့် ဆေးပညာဆိုင်ရာနိုဘယ်လ်ဆုကိုရရှိသွားသူ တရုတ်ဆေးပညာရှင် ဒေါက်တာဇူယူယူရဲ့ ထူးခြားချက်ကတော့ သူဟာ (၁) Ph.D ပါရဂူဘွဲ့ရရှိထားသူမဟုတ်ခြင်း၊ (၂) နိုင်ငံခြားပညာတော်သင် တစ်ကြိမ်တစ်ခါမှ မသွားရောက်ဖူးခြင်း၊ (၃) တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံသုတေသနအဖွဲ့နှင့် အင်ဂျင်နီယာနည်းပညာအဖွဲ့ ဌာနမှူးရာထူးမရှိခြင်းတို့ဖြစ်ပါတယ်။ သူမဟာ ၂၀၁၁ ခုနှစ်ကလည်း ကမ္ဘာကျော်နိုင်ငံတကာဆုတစ်ဆုဖြစ်တဲ့ Lasker-DeBakey Clinical Medical Research Award ကိုလည်း ရရှိထားသူဖြစ်ပါတယ်။

၁၉၆၇ ခုနှစ်ကနေ ၁၉၇၀ ပြည့်နှစ်အတွင်းဗီယက်နမ်စစ်မြေပြင်မှာ အမေရိကန်တပ်သားများစွာနဲ့ မြောက်ဗီယက်နမ်တပ်ဖွဲ့များစွာဟာ ငှက်ဖျားရောဂါကြောင့် သေဆုံးနေကြတာ သေဆုံးနှုန်းမြင့်မားလွန်းပါတယ်။ ကြောက်လန့်စိုးရိမ်လာတဲ့ မြောက်ဗီယက်နမ်အစိုးရဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အကူအညီတောင်းခံပါတော့တယ်။ အဲဒီမှာ တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်များဖြစ်ကြတဲ့ ဥက္ကဋ္ဌကြီးမော်နဲ့ ဝန်ကြီးချုပ်ချူအင်လိုင်းတို့ရဲ့ ညွှန်ကြားချက်လမ်းညွှန်မှုအရ ငှက်ဖျားရောဂါကို ကုသနိုင်မယ့် ဆေးဝါးသစ်ကို ရှာဖွေစမ်းသပ်တဲ့ စစ်ဆင်ရေးတစ်ရပ် (၅၂၃) စစ်ဘက်ဆိုင်ရာ လျှို့ဝှက်သိပ္ပံဌာနကို ဖွဲ့စည်းပြီး ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေးဆေးဝါးသစ်ရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။

Tu Youyou ဟာ အဲဒီတုန်းက အဲဒီအဖွဲ့ထဲက သာမန်လက်ထောက်သုတေသနဌာနမှူးတစ်ယောက်အဖြစ် ပါဝင်ခဲ့ပါတယ်။ အဲဒီအဖွဲ့ထဲမှာ သုတေသနအဖွဲ့အစည်း ၆၀ က သုတေသနပညာရှင် ၅၀၀ ကျော်တို့ ပါဝင်ခဲ့ပါတယ်။

**ကမ္ဘာကအံ့သြချီးကျူး**

၁၉၇၀ ပြည့်နှစ်ကစပြီး တိုင်းရင်းဆေးပင် Plasmodium falciparum ကို အစဉ်တစိုက် သုတေသနပြုခဲ့တဲ့ Dr. Tu ဟာ အဲဒီတိုင်းရင်းဆေးရဲ့ ငှက်ဖျားရောဂါကို ကာကွယ်ကုသနိုင်စွမ်းကို တွေ့ရှိဖော်ထုတ်ခြင်းကြောင့် လူသန်းပေါင်းများစွာ အထူးသဖြင့် အာဖရိကတိုက်က လူသန်းပေါင်းများစွာကို ငှက်ဖျားရောဂါကူးစက်ခံရခြင်းနဲ့ ငှက်ဖျားရောဂါကြောင့် သေဆုံးရခြင်း ဘေးအန္တရာယ်မှ ကယ်တင်ပေးနိုင်တာကြောင့် Lasker DeBakey Clinical Medical Research Award ချီးမြှင့်ခံခဲ့ရပါတယ်။ အဲဒီ ဆုချီးမြှင့်ခံရခြင်းကြောင့် တရုတ်တိုင်းရင်းဆေးနဲ့ ဇီဝဆေးပညာဟာ ကမ္ဘာပေါ်မှာ အထူးကျော်ကြားခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ ရရှိခဲ့တဲ့ နိုဘယ်လ်ဆုကတော့သူ့ကို ပထမဆုံးသော တရုတ်တိုင်းရင်းဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုရှင်ဖြစ်စေခဲ့ပြီး တရုတ်တိုင်းရင်းဆေးရဲ့ အစွမ်းကို ကမ္ဘာက အံ့သြချီးကျူးသွားလောက်အောင် ကျော်ကြားသွားစေခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုက National Institute of Health (NIH) မှ သုတေသနမှူးနှစ်ဦးဖြစ်တဲ့ Millad Lewis နဲ့ Sue Shin တို့က တရုတ်တိုင်းရင်းဆေးပင် Plasmodium falciparum ရဲ့ သုတေသနပြုမှတ်တမ်းကို လေ့လာမှတ်တမ်းတင်ခဲ့ပြီး Dr. Tu ဟာ အဲဒီသုတေသနပညာရပ်ရဲ့ အဓိကအကျဆုံးလုပ်ဆောင်ခဲ့သူဖြစ်ကြောင်း အသိအမှတ်ပြုချီးကျူးကြပါတယ်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဝန်ကြီးချုပ်ဖြစ်သူ မစ္စတာ လီကေချန်းကလည်း ဂုဏ်ပြုသဝဏ်လွှာပေးပို့ ချီးကျူးခဲ့ပါတယ်။

**အစွမ်းထက်ပညာရပ်အဖြစ်တည်ရှိ**

မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေးပညာဟာ မြန်မာ့နန်းတွင်းဆေးပညာအပါအဝင် နှစ်ပေါင်းရာချီကြာမြင့်တဲ့ အစွမ်းထက်ပညာရပ်အဖြစ် တည်ရှိဆဲဖြစ်ပါတယ်။ ကင်ဆာရောဂါကို ကာကွယ်ကုသနိုင်တဲ့ မြန်မာ့သစ်ဥ၊ သစ်ဖု၊ အရွက်၊ အပင်၊ အပွင့်၊ အသီးတွေအကြောင်းရေးသားထုတ်ဝေထားတဲ့ စာအုပ်များစွာ ထွက်ရှိပြီးဖြစ်သလို ဖော်စပ်ရောင်းချနေတဲ့ တိုင်းရင်းဆေးများစွာ၊ လူနာတွေကို လက်ခံစမ်းသပ်ကုသပေးနေတဲ့ တိုင်းရင်းသမားတော်များစွာလည်း ရှိနေပါတယ်။

တစ်ခုရှိတာက တိုင်းရင်းဆေးပညာရပ်သုံး သဘာဝဆေးဝါးတွေကို ခေတ်သစ် သိပ္ပံနည်းပညာစနစ်သုံးပြီး ဓာတ်ပစ္စည်းပေါင်းစပ်ပါဝင်သော ဆေးဝါးသစ်တစ်ခု စမ်းသပ်အောင်မြင်ဖော်ထုတ်နိုင်ဖို့ရာမှာ လူ့စွမ်းအားအရင်းအမြစ် (ပညာရှင်)၊ အခြေခံအဆောက်အအုံ၊ ငွေကြေးအရင်းအနှီးနှင့် ထောက်ပံ့ကူညီမှု၊ အသိပညာအခြေပြု အတတ်ပညာနှင့် နည်းစနစ်(Technology) တို့ဟာ မပါမဖြစ်လိုအပ်နေတဲ့အချက်တွေဖြစ်ပါတယ်။

**ကူညီဆောင်ရွက်ပေးသင့်**

၂၀၁၁ ခုနှစ်မှာ တိုင်းရင်းဆေးအသစ်များကို စမ်းသပ်သုတေသနပြုနေစဉ်မှာပဲ ကမ္ဘာကျော်ဆေးဝါးထုတ်လုပ်မှု ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ GSK (Glaxo Smith Kline) မှ Dr. Tu Youyou ရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပြီး Outstanding Life Science Research Award ဆုကို ချီးမြှင့်ခဲ့ပြီး အစစအရာရာ လိုအပ်ချက်ကို ကူညီထောက်ပံ့ခဲ့သလို မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပညာရှင်များ၊ သမားတော်များကိုလည်း နိုင်ငံတကာအဆင့် ဆေးဝါးထုတ်လုပ်မှု ကုမ္ပဏီတွေက သိရှိအသိအမှတ်ပြုလာဖို့၊ ပူးပေါင်းပါဝင်လာဖို့ကို နိုင်ငံတော်အစိုးရ အနေနဲ့ ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။ ။

“ မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေးပညာဟာ မြန်မာ့နန်းတွင်းဆေးပညာအပါအဝင် နှစ်ပေါင်းရာချီကြာမြင့်တဲ့ အစွမ်းထက်ပညာရပ်အဖြစ် တည်ရှိဆဲဖြစ်ပါတယ်။ ကင်ဆာရောဂါကိုကာကွယ်ကုသနိုင်တဲ့ မြန်မာ့သစ်ဥ၊ သစ်ဖု၊ အရွက်၊ အပင်၊ အပွင့်၊ အသီးတွေအကြောင်း ရေးသားထုတ်ဝေထားတဲ့ စာအုပ်များစွာ ထွက်ရှိပြီးဖြစ်သလို ဖော်စပ်ရောင်းချနေတဲ့ တိုင်းရင်းဆေးများစွာ၊ လူနာတွေကို လက်ခံစမ်းသပ်ကုသပေးနေတဲ့ တိုင်းရင်းသမားတော်များစွာလည်း ရှိနေပါတယ် . . . ”

## ပုဂံဒေသမှ ယွန်းပန်းချီပညာရှင်များ လက်ပန်းချီရေးဆွဲမှုများပြားလာ



**ညောင်ဦး ဒီဇင်ဘာ ၂၁**

ပုဂံဒေသမှ ယွန်းပန်းချီပညာရှင်များသည် လက်ပန်းချီရေးဆွဲမှုဘက်သို့ ကူးပြောင်းမှု များပြားလာခဲ့သည်။ အဆိုပါဒေသသို့ လာရောက်လည်ပတ်သူများသည် လက်ပန်းချီကို အမှတ်တရ ရေးဆွဲလာကြသည်။ လက်ပန်းချီရေးဆွဲသည့်ဆိုင်များသည် ဘုရားဖူးလာသူများ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ရုပ်သေးရုပ်ကလေးများကို ချိတ်ဆွဲကာ လှပအောင်ပြုထားပြီး လက်ပန်းချီရေးဆွဲပေးကြရာ ရေးဆွဲသူများသည့်အတွက် အလုပ်ဖြစ်ကြောင်း သိရသည်။

လက်ပန်းချီရေးဆွဲရာတွင် ရေဆေးကိုအသုံးပြုကာ ရေးဆွဲကြပြီး ပန်းချီဆေး ရေထိခံစေရန် ကော်ရည်တစ်မျိုးကို လိမ်းခြယ်ပေးလိုက်ရုံဖြင့် ရေထိခံသည့်အနေအထားအထိ ရောက်ရှိသွားစေရန်ပြုလုပ်ပေးသည်။ ကော်ရည်မှာ သုံးမိနစ်အတွင်း ခြောက်သွားပြီး လက်ပန်းချီပုံတစ်ပုံလျှင် ၅ မိနစ်ခန့်သာ ရေးဆွဲရသည်။ လက်ပန်းချီမှာ ထိန်းသိမ်းမှုအလိုက် တာရှည်ခံမှုကွာခြားသွားသည်။ မထိန်းသိမ်းတတ်ပါကနှစ်ရက်သုံးရက်သာခံပြီး ထိန်းသိမ်းတတ်ပါက လရှည်ကြာသည်အထိတည်ရှိကြောင်း သိရသည်။

လက်ရှိကာလတွင် ပုဂံရောက်သူတိုင်း လက်ပန်းချီအမှတ်တရ ရေးဆွဲမှုများပြားလာသည်။ လက်ပန်းချီရေးဆွဲရာတွင် ယွန်းပန်းချီကို အခြေခံသည့် ပုဂံကနုတ်များကို ရေးဆွဲကြသည်။ လက်ပန်းချီရေးဆွဲရာတွင် ကောက်ကြောင်းများပါက ငွေကျပ် ၂၅၀၀ ယူပြီး ကောက်ကြောင်းနည်းပါက ငွေကျပ်နှစ်ထောင်ဖြင့် ရေးဆွဲပေးသည်။ ယခုအခါ ပုဂံဒေသတွင် ယွန်းပန်းချီပညာရှင်များမှာ လက်ပန်းချီရေးဆွဲသည့်ဘက်သို့ ကူးပြောင်းလာပြီး ရုပ်သေးရုပ်ကလေးများ ချိတ်ဆွဲအလှဆင်ကာလက်ပန်းချီရေးဆွဲပေးသည့်ဆိုင်ပေါင်း ၄၀ ကျော် အထိရှိလာပြီဖြစ်ကြောင်း အနုရာဓလက်ရာ အလှလက်ပန်းချီရေးဆွဲသူ ကိုဆန်းဝင်းက ရှင်းပြသည်။

**တိမ်တမန်**



ပျော်ဘွယ်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်လွင်နှင့်အဖွဲ့ မှန်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဒီဇင်ဘာ ၁၆ ရက်က သန့်ရှင်းရေးဆောင်ရွက်စဉ်။ **ကြေးမုံ**

## ရောဂါဗေဒဆရာဝန်များအဖွဲ့ ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ ရောဂါဗေဒဆရာဝန်များအဖွဲ့၏ ဒသမအကြိမ်မြောက်ညီလာခံအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ရန်ကုန်မြို့ Sky Star Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံအတွက် စာရင်းသွင်းမှုများအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ရောဂါဗေဒဌာန၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ပြုလုပ်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

Since 1997
OD TOUR
ORIENTAL DRAGON TRAVELS & TOURS Co.,Ltd
(VIP) 2 +1 & 2+2 Scania
(5D 4N) Dec 22,29,Jan.3 | (5D 4N) Dec 29,Jan.3
(5D 4N) Dec 29,Jan.3 | (5D 4N) Dec 29,Jan.3
(5D 4N) Dec 29,Jan.3 | (6D 5N) Dec 30,Jan.4
(5D 4N Dec 29,Jan.3 | (5D 4N) Dec 29,Jan.3
(3D 2N)/4D 3N) Dec 23,30,Jan.4,5
Daily
Daily
01-504808, 523187,09-427669655,5108087,5187045
www.facebook/ODTour www.odtourmyanmar.com

## တွေ့ဆုံပွဲဖိတ်ကြားလွှာ

စတုတ္ထအကြိမ်မြောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကြသော စစ်မှုထမ်းဟောင်း မိသားစုများတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စစ်မှုထမ်းဟောင်း အရာရှိ/အရာခံ၊ အကြပ်စစ်သည်မိသားစုအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

နေ့ရက် ။ ၂၅-၁၂-၂၀၁၇ရက်(တနင်္လာနေ့)
အချိန် ။ နံနက် ၉း၀၀နာရီ
နေရာ။ ။"အောင်ဓမ္မာရုံ" ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်ရင်ပြင်၊ မရမ်းကုန်းမြို့နယ်။

(ဖိတ်ကြားထားသည့် ဖိတ်စာများရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်)

**ဆက်သွယ်ရန်-ဦးအေးမြင့်-၀၉-၂၅၁၁၆၀၃၆၇၊ ဦးတင်အုန်း-၀၉-၂၅၀၀၂၉၈၉၈ ဦးအောင်ခိုင်-၀၉-၂၆၃၆၉၀၁၄၈၊ ဦးတင်ယု-၀၉-၄၅၁၇၂၇၂၀၄**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်(၆)စီးနှင့် Video Conference စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၁၉-၁၂-၂၀၁၇ရက်မှ ၈-၁-၂၀၁၈ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၀-၁-၂၀၁၈ရက် ၁၀း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၈)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၇၇၊ ၀၆၇-၃၄၁၂၂၄၇သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

အလုပ်ရှင်
အလုပ်သမားအတွက်လက်စွဲ
(အလုပ်သမား ဥပဒေများ)
(ဦးတင်ဝင်းအောင်) တရားလွှတ်တော်ရှေ့နေ
မြန်ချီရေး၊ ခရေဂူး ဥပဒေ စာပေတိုက်

အထူးလျှော့ဈေး
9' - 115000
10' - 130000
Ph - 09 795353689

## မြစ်ကြီးနားအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀-၁-၂၀၁၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီးရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။ ဖိတ်စာသီးခြားမပို့ပါ။)

*အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများ (မှတ်ပုံတင်မိတ္တူပူးတွဲလျက်)ကိုယ်တိုင်တက်ရောက် ကန်တော့ခံကြွရောက်ပါရန်။

*၂၀၁၆-၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်(ဂုဏ်ထူးရ) အသင်းဝင်များ၏ သား/သမီးများ (အမှတ်စာရင်း မိတ္တူပူးတွဲလျက်)

၁၀-၁-၂၀၁၈ရက်ကို နောက်ဆုံးထား၍ အမည်စာရင်းများ ပေးပို့ကြပါရန် ၎င်းရက်ထက်ကျော်လွန်၍ ရရှိသော အမည်စာရင်းများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။ အလှူငွေများ ကြိုတင်ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ဦးတင်မောင်ဝင်း - ၀၉-၅၄၀၇၄၆၂
(၂) ဒေါ်ဘေဘီ - ၀၉-၅၀၂၂၂၆၈
(၃) ဒေါ်ကြည်ကြည်ဆွေ - ၀၉-၅၁၆၆၂၄၈
(၄) ဒေါ်တင်တင်ညွန့် - ၀၉-၄၅၀၀၂၂၀၈၀
(၅) ဒေါက်တာ အေးအေးစူး - ၀၁-၃၉၂၈၈၅
(၆) ဒေါ်ဥမ္မာအောင် - ၀၉-၄၃၁၉၀၄၅၆
(၇) ဒေါ်ကြည်ကြည်နိုင် - ၀၉-၃၃၂၁၅၃၄၃
(၈) ဒေါ်လှဲ့လှဲ့ဆွေ - ၀၉-၅၁၃၄၇၆၆
(၉) ဒေါ်မီမီမူ - ၀၉-၅၁၅၁၆၇၉
(၁၀) ဒေါ်ညိုမာသွယ် - ၀၉-၅၀၂၁၈၁၅

**အမှုဆောင်အဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 29(T)/ YESC/ 17-18 | Transformer Oil (100) Drums<br>Silica Gel (2000) kgs | 5.1.2018 |
| ၂ | 30(T)/ YESC/ 17-18 | [illegible] | 5.1.2018 |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၂-၁၂-၂၀၁၇)
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊
ရန်ကုန်မြို့။

ဧရာဝတီ ဧည့်ရိပ်မွန်
Car Parking
Ph 01 2301090
09 73193030 10000 / 12000
09 73212233 20000 / 22000
Wifi Free 25000 / 27000
Facebook

မကြွေသောပန်း
09-258022220
09-250499979
09-73209992
09-254449533









# စိန်ပင်လယ် (Diamond Sea)

အာမခံ ပလက်တီနမ် နှင့် စိန်ရွှေရတနာဆိုင်

2017 Christmas နှင့် 2018 New Year အကြို

## အထူးဈေးရောင်းပွဲတော်

စိန်ဖြူစိန်သန့်များဖြင့် ပြုလုပ်ထားသော စိန်ထည်လက်ဝတ် ရတနာဒီဇိုင်းမျိုးစုံကို(20% မှ 30%)ထိအထူးလျှော့ဈေး ၊ (750)ပလက်တီနမ် ဒီဇိုင်းအသစ်အဆန်းများကို (5% မှ 10%) ထိ ထူးခြားသော အထူးလျှော့ဈေး ဖြင့် ရောင်းချပေးသွားပါမည်။



ကျပ်သိန်းပေါင်းများစွာ ချီးမြှင့်ပေးမည့်
Lucky Draw Program
( 4.1.2018)
လွှတ်လပ်ရေးနေ့

**Luckly Draw Program**

(1) Mazda Demio ကား (၁)စီး
(2) စိန်ဆွဲသီး
(3) ပလက်တီနမ်ကြိုး
(4) ပလက်တီနမ်ဆွဲသီး
(5) စိန်ပင်လယ်တံဆိပ်ပါရွှေဆွဲသီးများ
(6) ငွေသား Gift Card များ

❶ Junction Square Centre မြေညီထပ်၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား။ ဖုန်း - ၀၉ ၄၂၀၀၅၀၉၅၆
❷ Junction City Yangon ယခင်ဗိုလ်ချုပ်ဈေးသစ်၊ အပေါ်ထပ် ဖုန်း - ၀၉ ၂၅၀၁၇၀၆၆၄
❸ ဂမုန်းပွင့်Shopping Centre (စံရိပ်ငြိမ်) လှည်းတန်းမီးပွိုင့်အနီး။ ဖုန်း - ၀၉ ၇၇၃၆၉၂၆၂၇



8½ Stories BCC ကျိုး
အမှတ်(၃၇)၊ ဓေယျ၀တီလမ်း (ဗဟိုလမ်း)စမ်းချောင်းမြို့နယ်။
7လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ MBR(1), SBR(1) အဆင့်မြင့်ပြင်ဆင်ပြီးနေထိုင်ရန်အသင့်တိုက်ခန်း
( Penthouse အထိဓါတ်လှေကားပါ)

8½ Stories BCC ကျိုး
အမှတ်(၉၄)၊ ဗိုလ်စောပုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
5လွှာ,6လွှာ,7လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ စိတ်ကြိုက်အခန်းဖွဲ့စည်းနိုင်ရန်(Hall Type)ပုံစံရောင်းချပေးပါသည်။( Penthouse အထိဓါတ်လှေကားပါ)

ပြီးစီးမှု ၇၅ %
8½ Stories ကြိုတင်အရောင်း
အမှတ်(၆၆)၊ လိပ်တန်းလမ်း (ရေကျော်)၊ ပုဇွန်တောင်မြို့နယ်။ (ဓေယျာမြိုင်ပန်းခြံရှေ့)
5လွှာ,6လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ စိတ်ကြိုက်အခန်းဖွဲ့စည်းနိုင်ရန်(Hall Type)ပုံစံရောင်းချပေးပါသည်။
( Penthouse အထိဓါတ်လှေကားပါ)

● Pile Foundation (Ready - Mixed Concrete) ● Central Distribution Water Supply System (ဗဟိုရေဖြန့်ဝေမှုစနစ်)
● Underground Tank, Overhead Tank (Stainless Steel Tank) ● Video Intercom ● Satellite System ● ကိုယ်ပိုင် မီတာ

တကောင်းဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.
No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888
Email : tagaungbwarcompany@gmail.com , Facebook : Ta Gaung Bwar













ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

**Hmwe Taunggyi Business Group Travel & Tours Co.,Ltd**

License No(661)

# သာကီနွယ်

**Hot Line - 01-200952**

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

Jan - 20,27,31/ Feb - 4,10,17,24/ Mar - 4,10,18,25

---

**POPULAR STAR**

ဘားအံ - မြဝတီ - ပဲဆောက် (DEC 29)

Ph: 01 2301866, 09-5129134, 09795429379

---

**09-444450446, 09-444450558, 09-250144709**

Dec 22,29

---

Jan- 20, Feb-9,28

09-449250191, 09-773337137

---

**GOLDEN LIGHT** Dec-22,29,Jan-5,12

60000 / 70000

50000 / Motel Package- 75000

50000 / Motel Package- 75000

70000 / Guest Package- 105000

09.43197550. 421099405. 252225772

---

09-450224339,09-423720047

Dec-29

---

09442140334,09784217677

---

220000/- 29-12-2017

Ph:09448003431,0949660481

---

09-420087371, 09-259302029

68000

57000

55000

48000

48000

Dec 22,29, Jan 5,12

---

**MAX HEALTHCARE**

**Max Hospitals, Delhi India**

Myanmar Representative Office

မြန်မာပြည်ကိုယ်စားလှယ်ရုံးခန်း

| Date & Time | Doctor Name | Speciality |
|---|---|---|
| 23.12.2017 (Yangon) 1:00 pm to 5:00 pm | **Dr.Anant Kumar** M.B.B.S, M.S. (Gen.Surgery), M.Ch. (Urology), D.N.B. (Urology), FMGEMS (USA) Director- (Urology and Kidney transplantation) | Kidney Transplant & Urology |
| | **Dr. Dinesh Kumar Mittal** M.B.B.S, MS, M.Ch.(Cardiothoracic & Vascular Surgery, Sr. Consultant & Coordinator - CTVS | Cardiothoracic & Vascular Surgery |

Max Super Speciality Hospitals, India Delhi

Ph : 09 963664240, 09 777513314, E-mail : maxhealthcare276@gmail.com

---

**Khine** ကိုရီးယားဘာသာသင်တန်းကျောင်း

• E.P.S (TOPIK)

Ph : 09-73026940, 09-250641687, 09-5162790

www.facebook.com/Khine Korean Language Centre

---

**Chunil ITC Co.,Ltd**

| | | | Salary |
|---|---|---|---|
| 1 | Accountant(LCCI 1,2) | F(2)P | Negotiable |
| 2 | Car Washing | M(10)P | Negotiable |
| 3 | Korea Car Air Con & Car Wiring | M (2)P | Negotiable |

PH:09-254381654, 09-254346910

---

Organized by

MYANMAR COSMETICS ASSOCIATION

# COSMETIC SPECIAL DISCOUNT FESTIVAL 2017

## အလှကုန်အထူး DISCOUNT ဈေးရောင်းပွဲတော်

December-2017 23,24,25 - 9:00Am to 5:00 PM - Tatmadaw Hall

Main Sponsor: NATURE REPUBLIC

Co-Sponsor: HERBALLINES

Co-Sponsor: POND'S

09 780088345, 09 451378883 https:// www. facebook.com/myanmarcosmetics.rog/

# THE CENTRAL

## WHERE THE FINEST MEETS



## LIVE, WORK & PLAY IN THE HEART OF YANGON

**At the corner of Kabar Aye Pagoda Road and Kanbe Road**
The Central is designed to be a world-class mixed-use development with Yangon's furst retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလန်းခြင်း၊ ခိုင်မာတည်တံ့ခြင်းနှင့် ညီညွတ်ခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။



New release 1 bedroom unit at below $200,000

Developed by

MARGA LANDMARK

**ENQUIRY HOTLINE**
+959 777 773 770

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
www.thecentral.com.mm

**INFORMATION CENTER ADDRESS**
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

# သဘာဝအရင်းအမြစ်များ ဖော်ထုတ်ခြင်းအပြင် တီထွင်ဖန်တီးမှုများနှင့်ပါ ပေါင်းစပ်လိုက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်စရာများပြားကာ ရက်ကြာကြာနေထိုင်ပြီး ငွေကြေးပိုမိုသုံးစွဲမည်ဖြစ်



အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၂/၂၀၁၇) ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၂/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရီးသွားလုပ်ငန်းတစ်ခု စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် စနစ်တကျ အစီအမံများချမှတ်ပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ခရီးသွားအရင်းအမြစ်များ ပေါများကြွယ်ဝသည်ကို မိမိတို့အားလုံး သိကြပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**

# လာမည့်နှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်နှင့်အတူ ခရီးသွား ဆွဲဆောင်မှု အစီအစဉ်များ ပါဝင်မည်

**မန္တလေး ဒီဇင်ဘာ ၂၁**

၂၀၁၈ ခုနှစ် ဧပြီလတွင် ကျင်းပမည့် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့်အတူ မြန်မာ့ရိုးရာ ဓလေ့များကို ဖော်ထုတ်၍ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ယုဇနခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည့် ၁၃၇၉ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန် နိုင်ငံခြားခရီးသွားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"လာမယ့်သင်္ကြန်မှာ မြန်မာ့ဓလေ့စရိုက်နဲ့ မန္တလေးယဉ်ကျေးမှုကို ဖော်ထုတ်ပြီး ခရီးသွားတွေကို ဆွဲဆောင်ဖို့ အစီအစဉ်တွေ ထည့်သွင်းထားတာပါ၊ ခရီးသွားကုမ္ပဏီတွေက ဒီအစီအစဉ်တွေကို နိုင်ငံတကာကို ကြိုတင်အသိပေးထားပြီး သင်္ကြန်မှာ ပိုမိုဝင်ရောက်လာအောင် ဆောင်ရွက်သွားကြမှာပါ"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့၏ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ယခင်နှစ်က စတင်ကျင်းပခဲ့၍ အောင်မြင်မှုများရရှိခဲ့ပြီး ယခုနှစ်တွင်ပါဝင်မည့် မြန်မာ့ရိုးရာဓလေ့စရိုက်များ ဖော်ထုတ်မည့် အစီအစဉ်တွင် မြန်မာ့ရိုးရာအစားအစာများ ရောင်းချမည့်စျေးတန်း၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် သံဃာတော်များ ဆွမ်းစားချိန်သွားရောက်လေ့လာခြင်းနှင့် တရားထိုင်လိုသူများအတွက် နေရာများ စီစဉ်ပေးမည့်အပြင် သနပ်ခါးသွေးခြင်း၊ ခေါင်းလျှော်ခြင်း၊ နွားဘေးမဲ့လွှတ်ခြင်းများအား လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် မည်သူမဆို ရေဖလားဖြင့် ရေပက်ကစားနိုင်သည့်နေရာများနှင့် စတုဒိသာကျွေးမွေးမည့် မဏ္ဍပ်များလည်း ပါဝင်ပြီး ညပိုင်းတွင် ဖျော်ဖြေရေးအနေဖြင့် ယခင်ရိုက်ကူးခဲ့သည့် မန္တလေးအငွေ့အသက်များ ပါဝင်သော ရုပ်ရှင်ကားဟောင်းများကို ပြသမည့်အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ယခင်နှစ်က မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပြည်ပခရီးသွားဧည့်သည်များ လာရောက်ဆင်နွှဲကြသည်ကို တွေ့ရစဉ်။



